# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### သူတော်ကောင်းတရား ကြားနာရခြင်း

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက် | ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၀၄၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကုလသမဂ္ဂ၏ ဘက်လိုက်သော ဆုံးဖြတ်ချက်အဆိုအား မြန်မာကပယ်ချ

**နေပြည်တော် နိုဝင်ဘာ ၁၇**

နယူးယောက်မြို့၌ ကျင်းပနေသည့် (၇၈) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၊ တတိယကော်မတီ၌ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM) နှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူတို့၏ အစီရင်ခံစာများအပေါ် ပူးတွဲရှင်းလင်း ဆွေးနွေးမှုများကို ၂၃-၁၀-၂၀၂၃ ရက်တွင် ပြုလုပ်ခဲ့သည်။ ထို့အပြင် "မြန်မာနိုင်ငံရှိ "ရိုဟင်ဂျာ" မွတ်စလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေ" ဟု ခေါင်းစဉ်တပ်ထားသည့် ဆုံးဖြတ်ချက်အဆိုကို သက်ဆိုင်ရာ မြန်မာနိုင်ငံ၏ တရားဝင်ကိုယ်စားလှယ်များ ပါဝင်ခြင်းမရှိဘဲ ၁၅-၁၁-၂၀၂၃ ရက်တွင် အတည်ပြုချမှတ်ခဲ့သည်။

ကုလသမဂ္ဂနိုင်ငံရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာရုံးမှ Assistant Secretary-General Mr. Khaled Khiari သည် ၎င်းအား လုပ်ပိုင်ခွင့်ပေးအပ်ထားခြင်းမရှိဘဲ အဆိုပါပူးတွဲဆွေးနွေးမှုတွင် ပါဝင်တင်ပြခဲ့သည်။ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Thomas Andrews ကလည်း ၂၃-၁၀-၂၀၂၃ ရက်တွင်ပင် ၎င်း၏ ကျင့်ဝတ်နှင့် မညီရုံမျှသာမက ပညာရှင်မဆန်သော အစီရင်ခံစာကို အဖွဲ့ဝင်နိုင်ငံများထံ တင်ပြဆွေးနွေးခဲ့သည်။ IIMM ယန္တရားက စုဆောင်းခဲ့သည်ဟုဆိုသော သတင်းအချက်အလက် ၂၃ သန်း၏ တိကျမှန်ကန်မှုကို စိစစ်နိုင်ခြင်းမရှိဘဲ ၎င်းတို့ဘာသာလိုရာဆွဲ၍ ကောက်ချက်ချလျက်ရှိသည်။ "NUG" ဆိုသည့် အကြမ်းဖက်အဖွဲ့ကို ကိုယ်စားပြုလျက်ရှိသော ကျော်မိုးထွန်းက မြန်မာနိုင်ငံအမည်ခံ၍ ကုလသမဂ္ဂအစည်းအဝေးများတွင် ပါဝင်ဆောင်ရွက်ချက်များကို ကန့်ကွက်ကြောင်း မြန်မာနိုင်ငံမှ ကုလသမဂ္ဂဘက်သို့ စာပေးပို့အကြောင်းကြားပြီးဖြစ်သည်။

အီးယူနှင့် အိုအိုင်စီတို့က ၁၅-၁၁-၂၀၂၃ ရက်တွင် တင်သွင်းသည့် ဆုံးဖြတ်ချက်အဆိုတွင် ယခင်အဆိုများနည်းတူ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် မီဒီယာတချို့၏ အခြေအမြစ်မရှိသော စွပ်စွဲချက်များ ပါဝင်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑



## ရွှေစည်းခုံစေတီတော်ကြီး၏ (၉၆၄) ကြိမ်မြောက် တန်ဆောင်တိုင် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ညောင်ဦး နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ရွှေစည်းခုံစေတီတော်ကြီး၏ (၉၆၄) ကြိမ်မြောက် တန်ဆောင်တိုင် ဗုဒ္ဓပူဇနိယပွဲတော်ကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရွှေစည်းခုံဘုရား ဂေါပကအဖွဲ့ထံမှ သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## ယနေ့ မာတိကာ


**ကယားပြည်နယ်၊ လွိုင်ကော်တက္ကသိုလ်ရှိ ပညာရေးဆိုင်ရာ အဆောက်အဦများအား KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက တိုက်ခိုက်ဖျက်ဆီးခဲ့မှုနှင့် ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့မှုအပေါ် ထုတ်ပြန်ကြေညာချက်**

ကြေညာချက် စာ ၅

**နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင်များမှ စက်သုံးဆီများ ပုံမှန်ရောင်းချလျက်ရှိ**

ပြည်တွင်းသတင်း စာ ၁၀





**ဘယ်တော့မှမရိုင်းတဲ့ မြန်မာ့သမိုင်း ...**

ဆောင်းပါး စာ ၁၆

မြန်မာ့အလင်း

## တစ်စည်းတစ်လုံးတည်းသော နိုင်ငံ့အင်အားတည်ဆောက်ရန်လို

ယခုတလော သတင်းတု၊ သတင်းမှားများနှင့်ကောလာဟလ အမျိုးမျိုးတို့ တစ်ကြိမ်ပြီးတစ်ကြိမ်၊ တစ်မျိုးပြီးတစ်မျိုး မရိုးအောင် မသမာသူတို့က ထုတ်လွှင့်နေကြသည်။ လတ်တလော ဖြစ်ပွားနေသည့်တိုက်ပွဲဖြစ်စဉ်များမှသည် စက်သုံးဆီကိစ္စ၊ ဘဏ်ကိစ္စ၊ ဝန်ထမ်းအဖွဲ့အစည်းများအတွင်း လုံခြုံရေးတပ်ဖွဲ့များဖွဲ့စည်းရန် စေခိုင်းသည်ဆိုသည့်ကိစ္စတို့အထိ ရည်ရွယ်ချက်ရှိရှိ ထုတ်လွှင့်လိုက်သည့် လုပ်ကြံသတင်းများမှာ နိုင်ငံနှင့်ပြည်သူလူထုအတွင်း မတည်မငြိမ်ဖြစ်စေရန်၊ အကျပ်အတည်းများဖြစ်စေရန်၊ အာရုံအမျိုးမျိုး ရှုပ်ထွေးဝေဝါးစေရန်ပင်ဖြစ်သည်။

အင်တာနက်ကိုအခြေပြု၍ လူထုအတွင်းရောက်ရှိလာနေသည့် သတင်းအမှားများနှင့် ကောလာဟလများကို သတင်းအမှန်များ အတတ်နိုင်ဆုံးမြန်မြန်ဆန်ဆန် ထုတ်ပြန်ပေးနေစေကာမူ သတင်းအမှားနှင့်ကောလာဟလများက ရှေ့မှသွားနေခြင်းဖြစ်ရာ ပြည်သူလူထု၏ ချင့်ချိန်ဆင်ခြင်မှုတို့က အရေးကြီးသည်။ သတင်းအမှားများနှင့်ကောလာဟလများကို ကိုယ်တိုင်က လက်မခံ မယုံကြည်သင့်သလို ထပ်ဆင့်ဖြန့်ဝေမှုများ မပြုမိကြဖို့လည်း လိုသည်။ စက်သုံးဆီကောလာဟလတွင် မော်တော်ယာဉ်အသုံးပြုသူအများစုက စိုးရိမ်ထိတ်လန့်မှုဖြင့် စက်သုံးဆီအရောင်းဆိုင်များတွင် စုပြုံဝယ်ယူကြရာမှ မနိုင်မနင်းရောင်းချရသည့် အခြေအနေမျိုး ပေါ်ပေါက်လာပြီး ကောလာဟလထုတ်လွှင့်သူ မသမာသူတို့ အကြိုက်မြင်ကွင်းများ တွေ့ရှိခဲ့ကြရခြင်းဖြစ်သည်။ ရန်ကုန်တွင် ဖြစ်ပေါ်နေသည့် အဆိုပါရက်အတွင်း ကျန်အခြားမြို့အသီးသီးတို့တွင် သတ်မှတ်ထားသော ရည်ညွှန်းလက်လီဈေးနှုန်းများဖြင့် တန်းစီရခြင်းမရှိဘဲ အလွယ်တကူဝယ်ယူနေနိုင်ခဲ့ကြသည်။

ယခုနောက်ထပ်ထွက်ပေါ်လာသည့် သတင်းအမှားမှာ ဘဏ်များရှိ အပ်ငွေစာရင်းများမှ ငွေသားထုတ်ယူခြင်းများကို ကန့်သတ်နေကြောင်း၊ အချို့ပုဂ္ဂလိကဘဏ်များတွင် ဝန်ထမ်းများကို လစာများကြိုတင်ထုတ်ပေးကြောင်း စသည်ဖြင့်ဖြစ်ပြီး ရည်ရွယ်ချက်မှာ ဘဏ်များမှအပ်နှံငွေများကို စုပြုံထုတ်ယူခြင်းဖြင့် ဘဏ်လုပ်ငန်းစနစ်အတွင်း အခက်အခဲ၊ အကျပ်အတည်းဖြစ်ပေါ်စေရန်နှင့် အကျိုးဆက်အဖြစ် ဘဏ်များနှင့်ဆက်သွယ်ဆောင်ရွက်နေကြသည့်စီးပွားရေးလုပ်ငန်းများ မတည်မငြိမ်ဖြစ်လာစေရန် ယုတ်မာကောက်ကျစ်စွာဖြင့် ထုတ်လွှင့်ကြခြင်းဖြစ်သည်။ အကယ်၍ လတ်တလော ၎င်းတို့ထုတ်လွှင့်လိုက်သည့် သတင်းမှားများနှင့် ကောလာဟလများ ထင်တိုင်းမပေါက်တော့သည့်အချိန်တွင် ပြည်သူလူထုအတွင်း စိုးရိမ်ထိတ်လန့်စေနိုင်သည့်၊ မတည်မငြိမ်ဖြစ်စေနိုင်သည့် နောက်ထပ်နောက်ထပ်သောအကြောင်းအရာများကို ရှာဖွေကြံစည်ထုတ်လွှင့်နေကြဦးမည်မှာ အသေအချာပင်ဖြစ်သည်။

လက်ရှိ မိမိတို့နိုင်ငံ၏ အခြေအနေမှာ ပြည်တွင်းပြည်ပ အဖျက်အမှောင့်များက ဘက်ပေါင်းစုံမှ အချိန်ကိုက်တိုက်ခိုက်နေကြခြင်းကို ရင်ဆိုင်နေကြရပြီး နိုင်ငံပြိုကွဲပျက်စီးသွားနိုင်သည်အထိ အန္တရာယ်ကြီးသည်။ အတွေးအခေါ်အယူအဆပေါင်းစုံ၊ ဦးတည်ချက်ပေါင်းစုံ၊ အမည်နာမပေါင်းစုံ၊ အမှတ်တံဆိပ်ပေါင်းစုံနှင့်လက်နက်ကိုင်ဆောင်ထားသည့် အဖွဲ့အစည်းပေါင်းစုံတို့က ပြည်တွင်း၌ အကြမ်းဖက်အဖျက်လုပ်ရပ်များ ပြုလုပ်နေကြသလို ပြည်ပနိုင်ငံအချို့ကလည်း လူ့အခွင့်အရေးအကြောင်းပြကာ မြွေပူရာ ကင်းမှောင့်ရန် ကြိုးပမ်းနေကြသည်။ အဖျက်နှင့်အတူ အမှောင့်လုပ်ရပ်များကလည်း ဒွန်တွဲနေသည်ဖြစ်ရာ စည်းလုံးညီညွတ်မှုဖြင့်သာ ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်သည်။ ရပ်ရွာဒေသများအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးမှသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ တစ်စည်းတစ်လုံးတည်း လက်တွဲကာ နိုင်ငံ့အင်အားကို ခိုင်မာတောင့်တင်းအောင် တည်ဆောက်ကြရပါမည့်အကြောင်း။ ။

## ASOCIO 2023 Digital Government Award ရရှိ




**နေပြည်တော် နိုဝင်ဘာ ၁၇**

ပညာရေးဝန်ကြီးဌာန ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော ပညာရေး စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (Education Management Information System –EMIS ) သည် ASOCIO 2023 Digital Government Award ရရှိခဲ့သည်။

အဆိုပါဆုပေးပွဲအခမ်းအနားကို ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ Weston Justin Hotel ၌ နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပသည့် ASOCIO 2023 Digital Summit တွင် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းသန်းမြင့်နှင့် လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဝေဝေသင်းတို့ တက်ရောက်၍ ပညာရေးဝန်ကြီးဌာနကိုယ်စား ဆုလက်ခံရယူခဲ့ပြီး(**အပေါ်ယာပုံ**) နိုဝင်ဘာ ၁၅ ရက်တွင် ကျင်းပသည့် Pitch Section ကိုလည်း တက်ရောက်ခဲ့ကြသည်။

ASOCIO သည် အာရှ - သမုဒ္ဒရာပိုင်းဒေသရှိ နိုင်ငံပေါင်း ၂၄ နိုင်ငံမှ IT အသင်းအဖွဲ့များဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်ပြီး IT လုပ်ငန်းကို မြှင့်တင်ရန်နှင့် ဒေသတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ရန်အတွက် Digital Summit ကဲ့သို့သော လှုပ်ရှားမှုများကို လုပ်ဆောင်လျက်ရှိသည်။

အဆိုပါ ASOCIO Digital Summit 2023 အား The Ministry of Science and ICT, Republic of Korea နှင့် Asia-Oceania Computing Industry Organization (ASOCIO) တို့ ကြီးမှူးပြီး The Federation of Koren Information Industries(FKII)၊ ASOCIO's Koren member association မှ ပါဝင်ပူးပေါင်းကျင်းပသော ASOCIO Digital Summit 2023 ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ Westin JOSUN Hotel Seoul ၌ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်နေ့တွင် ကျရောက်မည့်အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် **"United in action to rescue and achieve the SDGs for, with and by persons with disabilities"** ကို **"စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့"** ဟူ၍ မြန်မာဘာသာသို့ ပြန်ဆိုထားရှိပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စာပေဝါသနာရှင်များအနေဖြင့် ယခုနှစ်အတွက် သတ်မှတ်ထားရှိသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်းပါးပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ဆောင်းပါးတွင် အောက်ဖော်ပြပါ အချက်များ ထည့်သွင်းရေးသားသင့်ပါသည်-

- (က) မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှုများ၊
- (ခ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ပေါ်ပေါက်လာပုံ၊
- (ဂ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ကျင်းပရသည့် ရည်ရွယ်ချက်၊
- (ဃ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းတွင် ဖော်ပြပါရှိသော တန်းတူအခွင့်အရေးများ၊
- (င) နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊
- (စ) မသန်စွမ်းသူများကြုံတွေ့နေရသည့် အတားအဆီးတို့နှင့် စပ်လျဉ်း၍ ထင်မြင်ယူဆချက် ( ဥပမာ - မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း အများနည်းတူနေထိုင်ရှင်သန်နိုင်ရေးအတွက် ကြုံတွေ့နေရသည့် အခြေခံအဆောက်အဦဆိုင်ရာ၊ လူ့အဖွဲ့အစည်းဆိုင်ရာ အတားအဆီးများ၊ မသန်စွမ်းသူများအပေါ် ၎င်းအတားအဆီးတို့၏ အကျိုးသက်ရောက်မှုနှင့်အတားအဆီးကင်းသော ပတ်ဝန်းကျင်၏အဓိပ္ပာယ်)
- (ဆ) မသန်စွမ်းသူများ၏ အခွင့်အရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ SDGs နှင့် ချိတ်ဆက်နေကြောင်း ရှင်းလင်းတင်ပြချက်၊
- (ဇ) အကြံပြုချက်များ၊
- (ဈ) သတ်မှတ်ချက် - ပြိုင်ပွဲဝင်ဆောင်းပါးသည် ကွန်ပျူတာဖြင့် ဆိုပါက Pyidaungsu Font 13 ဖြင့် A4 (၄) မျက်နှာထက် မပိုစေရ၊ လက်ရေးစာမူဖြစ်ပါက A4 (၆) မျက်နှာထက် မပိုစေရ။

၃။ ပါဝင်ယှဉ်ပြိုင်သူများသည် မိမိတို့ ရေးသားယှဉ်ပြိုင်မည့် ဆောင်းပါးတို့ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲတယ်လီဖုန်းအမှတ်-၀၆၇-၃၄၀၄၆၀၃၊ ၀၆၇-၃၄၀၄၆၀၄ နှင့် E-mail-vulnerablegroup.dor@gmail.com တို့ထံ ဆက်သွယ်၍ (၂၄.၁၁.၂၀၂၃)ရက်၊ သောကြာနေ့၊ ညနေ (၁၆:၀၀) နာရီအထိ နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။

၄။ ပေးပို့လာသည့် ဆောင်းပါးစာမူတို့ကို ဆောင်းပါး(စာမူ)စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုများအား ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် UV Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးကိုယ်ကာယ ကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်) ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၇**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်) ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (A) ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်ပြည်သူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း (အေရိုးဗစ်) ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် သုံးယောက်တွဲနှင့် တစ်ဦးချင်းပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုနှင့် ကိုးယောက်တွဲပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ၏ သရုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးကြသည်။



ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက ကိုးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းတို့ကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရွှေက Physical Fitness Dance ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့ကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန်က သုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ကို လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်းက တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူက တံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေများနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်က ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်) ပြိုင်ပွဲများတွင် အဆင့် (၄)၊ (၅)၊ (၆) ရရှိခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အသင်းများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း (အေရိုးဗစ်) ပြိုင်ပွဲကို လူထုအားကစားလုပ်ငန်းများ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်၊ အားကစားလှုပ်ရှားမှုများတွင် စုပေါင်းလှုပ်ရှားသော အလေ့အကျင့်ကောင်းများ ရရှိလာစေရန်နှင့် ဗလငါးတန် ဖွံ့ဖြိုးသော မျိုးဆက်သစ်လူငယ်များ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကာ နိုဝင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသမီးအသင်း ၁၄ သင်းတို့မှ အားကစားသမား စုစုပေါင်း ၂၃၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

❑ ***ရှေ့ဖုံးမှ***

ယင်းဆုံးဖြတ်ချက်အဆိုသည် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် ရခိုင်ပြည်နယ် မြောက်ပိုင်းဖြစ်စဉ်မှ စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး ယင်းဖြစ်စဉ်၏ အကြောင်းရင်းနှင့် မြေပြင်အခြေအနေမှန်ကို ရည်ရွယ်ချက်ရှိရှိ လျစ်လျူရှုထားခဲ့သည်။ စင်စစ် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ နှောင်းပိုင်း၌ ARSA (ခေါ်) Aqua Mul Mujahidin အကြမ်းဖက်အဖွဲ့၏ ခြိမ်းခြောက်မှုများ၊ သတ်ဖြတ်မှုများနှင့် ကြိုတင်ကြံစည်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ရခိုင်ပြည်နယ် မြောက်ပိုင်းမှ အလုံးအရင်းဖြင့် နေရပ်စွန့်ခွာမှုများ စတင်ခဲ့ခြင်းဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ စခန်းများမှ ရာပေါင်းများစွာသော နေရပ်စွန့်ခွာသူများသည် အကြမ်းဖက်သမားများ၏ အစီအစဉ်ကို မလိုက်နာခြင်းနှင့် နေရပ်ပြန်ရေးလုပ်ငန်းစဉ်ကို ထောက်ခံခြင်းတို့ကြောင့် သတ်ဖြတ်ခံနေရပြီး ယင်းသို့ အသက်အန္တရာယ်ခြိမ်းခြောက်မှုများကြောင့် ၎င်းတို့နေရပ်ပြန်ရေး လုပ်ငန်းစဉ်ဖြစ်မြောက်ရေးကို ထိခိုက်စေသည်။ မြန်မာနိုင်ငံအနေဖြင့် တည်ဆဲဥပဒေများနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ်အကြားသဘောတူလက်မှတ်ရေးထိုးထားသော အစီအမံများနှင့်အညီ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအဖြစ် စိစစ်အတည်ပြုပြီးသူများကို လက်ခံရန် အဆင်သင့်ရှိသည်။ စိစစ်ပြီး နေရပ်စွန့်ခွာသူများကို ပြန်လည်ပို့ဆောင်ရန် နှစ်နိုင်ငံအကြား ဆက်လက် ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။ မြန်မာအစိုးရအနေဖြင့် ရာနှင့်ချီသော နေရပ်ပြန်လိုသည့် ဟိန္ဒူများအား ဆောလျင်စွာ နေရပ်ပြန်လာနိုင်ရေး အကူအညီပေးရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အကြိမ်ကြိမ် မေတ္တာရပ်ခံလျက်ရှိသည်။ ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ်မှာ မြန်မာနိုင်ငံ တစ်နိုင်ငံတည်း ဆောင်ရွက်၍မရဘဲ ဘင်္ဂလားဒေ့ရှ်ဘက်မှ ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဥပဒေအရလည်းကောင်း၊ သမိုင်းမှတ်တမ်းများအရလည်းကောင်း မည်သည့်အခါကမျှ မရှိခဲ့သော “ရိုဟင်ဂျာ” ဆိုသည့် တီထွင်ထားသည့် အသုံးအနှုန်းကို အသိအမှတ်မပြုကြောင်း ဖော်ပြအပ်သည်။

ဆုံးဖြတ်ချက်အဆိုသည် NUG နှင့် PDF ဆိုသူတို့၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ကလေးသူငယ် ၂၃၀ ဦးကျော်အပါအဝင် လက်နက်မဲ့အရပ်သား ၆,၇၀၀ ကျော် သေဆုံးခဲ့ရသည်ကို ရှုတ်ချရန် ပျက်ကွက်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အဆိုတွင် အမုန်းပွားစေသော အချက်များနှင့် နိုင်ငံအတွင်း မတူညီသော အသိုက်အဝန်းများအကြား စိတ်ဝမ်းကွဲပြားမှုနှင့် တင်းမာမှုများကို ပိုမိုမြင့်တက်စေနိုင်သည့် အချက်များ ပါဝင်သည်။

ဆုံးဖြတ်ချက်အဆိုပါ သိမ်းကျုံးစွပ်စွဲချက်များနှင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် အချက်များကြောင့်လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံအပေါ် ဦးတည်ချမှတ်သော ဆုံးဖြတ်ချက်အဆိုများအပေါ် အစဉ်တစိုက် ဆန့်ကျင်သည့် မြန်မာနိုင်ငံ၏ ရပ်တည်ချက်တို့ကြောင့်လည်းကောင်း မြန်မာနိုင်ငံက ယင်းဆုံးဖြတ်ချက်အဆိုတစ်ခုလုံးအား လုံးဝပယ်ချ၍ ပါဝင်ပတ်သက်မှုမရှိကြောင်း ဖော်ပြအပ်သည်။ ဆုံးဖြတ်ချက်အဆို ချမှတ်ရာတွင် ပါဝင်ပတ်သက်ခြင်းမရှိသော မိတ်ဆွေနိုင်ငံများကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်

---

❖ ***ရှေ့ဖုံးမှ***

ရွှေစည်းခုံစေတီတော်ကြီး၏ (၉၆၄) ကြိမ်မြောက် တန်ဆောင်တိုင်ဗုဒ္ဓပူဇနိယပွဲတော်ကို နိုဝင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ စေတီတော်ပရိဝုဏ်အတွင်းရှိ ရှင်အရဟံ သိမ်တော်ကြီးအတွင်း သံဃာတော်အရှင်သူမြတ်များက အသံမစဲ ပဋ္ဌာန်းတရားတော်များကို ရွတ်ဖတ်ပူဇော်ခြင်း၊ နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ရွှေစည်းခုံစေတီတော် ဘုရားကြီး အင်္ဂါဆောင့် မဏ္ဍပ်အတွင်းတွင် ညောင်ဦးမြို့နယ်အတွင်းရှိ သံဃာတော်၊ သာမဏေအပါး ၇၁၄ ပါးတို့အား ဆွမ်းသပိတ်လုံးနှင့် ငွေပဒေသာပင်များ ဆက်ကပ်လှူဒါန်းခြင်း၊ နိုဝင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ၃၇ နတ်နန်းရှေ့တွင် အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်းတို့အား ပူဇော်ပသသည့် နတ်ကနားပွဲ ကျင်းပခြင်း၊ တန်ဆောင်မုန်းလပြည့်၊ (နိုဝင်ဘာ ၂၇ ရက်) တွင် ညောင်ဦးမြို့နယ်အတွင်း၊ ပြင်ပကုသိုလ်ရှင်များက ဆွမ်းသပိတ်လုံး၊ ငွေပဒေသာပင်နှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းတွင် စေတီတော်ကြီးအား ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင်ခြင်း၊ တန်ဆောင်မုန်းလပြည့်နေ့ ညပိုင်းတွင် ဆီမီးငါးထောင် ဆက်ကပ်ပူဇော်ခြင်းတို့ ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ညောင်ဦးမြို့ အမှတ် (၄) နယ်မြေအတွင်းရှိ ရပ်ကွက်များက ငွေဆွမ်းလောင်းလှူရန်စီတန်းလှည့်လည်၍ စေတီတော်ကြီးသို့ လာရောက်ထည့်ဝင်လှူဒါန်းကြခြင်း၊ ညောင်ဦးမြို့ အမှတ် (၅) နယ်မြေအတွင်းရှိ ရပ်ကွက်များက ငွေဆွမ်းလောင်းလှူရန် စီတန်းလှည့်လည်၍ စေတီတော်ကြီးသို့ လာရောက်ထည့်ဝင်လှူဒါန်းကြခြင်းများနှင့် စေတီတော်ကြီးတောင်ဘက်ကွင်းတွင် စုပေါင်းဈေးရောင်းပွဲတော်တို့ဖြင့် အစဉ်အလာမပျက် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**ဒီပါလင်း**

---

## တာလေမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာဖတ်ဝိုင်းကျင်းပ

**တာလေ နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား ကျောင်းသူ၊ လူငယ်၊ လူရွယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာဖတ်ဝိုင်းကို ယနေ့ နံနက် ၉ နာရီက နားအွန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဝင်းက လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာဖတ်ဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး “လူငယ်နှင့်ရည်မှန်းချက်၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်ကြီးပွားရေး” စသည့် ခေါင်းစဉ်များဖြင့် အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

# အဆင့်မြင့်စိုက်ပျိုးရေးသုတေသနပညာများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကြိုးပမ်း

**နေပြည်တော် နိုဝင်ဘာ ၁၇**



လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် တာဝန်ယူလာကြမည့် အနာဂတ် မျိုးဆက်သစ်လူငယ်များ အဆင့်မြင့်စိုက်ပျိုးရေး သုတေသနပညာများ လေ့လာသင်ယူနိုင်ရေးအတွက် လိုအပ်ချက်များ စီမံဖြည့်ဆည်းပေးရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေး တက္ကသိုလ်ရှိ အဆင့်မြင့် စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာန (ACARE) အား သွားရောက် ကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေးတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးအား စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ACARE တာဝန်ရှိသူများက စိုက်ပျိုးရေးတက္ကသိုလ်၏ သင်ကြားရေးလုပ်ငန်းများ၊ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ၊ မဟာသိပ္ပံနှင့် ပါရဂူတန်းသင်တန်းများကို စာသင်နှစ်အလိုက် ဖွင့်လှစ်ပို့ချပေးနေမှု အခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်း၌ ဖွင့်လှစ်သည့်သင်တန်းများ ဖြစ်သော်လည်း အရည်အသွေးပြည့်ဝသော ပညာရှင်များ မွေးထုတ်ပေးခြင်းဖြင့် မိမိကျောင်း၏ ဂုဏ်သတင်းကို မြှင့်တင်ပေးရန်လိုကြောင်း၊ အလားတူ စာသင်နှစ်အလိုက် ကျခံရသည့် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုနှင့် ထိုက်တန်သည့် ပြန်လည် အကျိုးပြုနိုင်သူများ ဖြစ်စေရေး၊ နိုင်ငံတော်၏လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များတွင် တတ်စွမ်းသည့်ဘက်က ပါဝင် ကြိုးပမ်းလာကြစေရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ သုတေသန ဆောင်ရွက်ချက်များ ပါဝင်သည့် အဆင့်မြင့်စိုက်ပျိုးရေးပညာများ သင်ကြားပေးနိုင်ရေးနှင့် သင်ကြားရေးစွမ်းရည် မြှင့်တင်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းစီမံချက်များ ချမှတ် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု နည်းပညာများ ပြန့်ပွားရေးဆောင်ရွက်မှုနှင့်အတူ ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးကင်းလုံခြုံသော GAP ထုတ်ကုန်များ၏ အာဟာရတန်ဖိုးကို ပညာပေးစည်းရုံးခြင်းကို ပညာရှင်များအပိုင်းက ကြိုးပမ်းပေးကြစေလိုကြောင်း ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ချစ်ကြည်ရေး အထိမ်းအမှတ် တည်ထောင်ဖွင့်လှစ်ထားသည့် အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာန (ACARE) အတွင်းရှိ ဓာတ်မီစာကြည့်တိုက်၊ ဓာတ်ခွဲခန်းများ၊ အအေးခန်း၊ ဓာတ်မီသစ်သီးမှည့်ခန်း၊ လေထုထိန်းချုပ်စနစ်သိုလှောင်ခန်း၊ သီးနှံသိုလှောင်ခန်းနှင့် အစားအသောက် ထုတ်လုပ်မှုအတွက် အသေးစားစက်ရုံငယ်လေးများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အိန္ဒိယနိုင်ငံ အမ်၊အက်(စ်) ဆွာမိနာသန် သုတေသန ဖောင်ဒေးရှင်းနှင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် စပါးဇီဝဥယျာဉ် သုတေသနဌာနစု၌ ဆောင်ရွက်လျက်ရှိသော စွမ်းအင်အသုံးပြုခြင်း မရှိသော အအေးပေးသိုလှောင်ကန်၊ အဆင့်မြင့် ဆန်စက်၊ စပါးသီးနှံ၏ ဘေးထွက်ပစ္စည်းများကို အာဟာရပြည့်ဝသော တိရစ္ဆာန်အစာထုတ်လုပ်မှုနှင့် ကောက်ရိုးအသုံးပြု နွားစာကိတ်ပြုလုပ်ခြင်း၊ ကောက်ရိုးအသုံးပြု စက္ကူပြုလုပ်ခြင်း၊ ဆန်အခြေပြု အာဟာရတန်ဖိုးမြှင့်မုန့်အမျိုးမျိုး ပြုလုပ်ခြင်း၊ သဘာဝမြေဆွေး ထုတ်လုပ်မှုနည်းပညာများကို ကြည့်ရှုအားပေးကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးတက္ကသိုလ် အားကစားခန်းမ၌ ကျင်းပသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ ဘော်လီဘော အားကစားပြိုင်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ကိုယ်စားပြုအသင်းနှင့် စိုက်ပျိုးရေးတက္ကသိုလ်ကိုယ်စားပြုအသင်းတို့၏ ဘော်လီဘောအားကစားယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပဲခူးတိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၇

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ပဲခူးတိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဖြူးမြို့နယ် လူငယ့်အားမာန် သမဝါယမအသင်းနှင့် ညောင်လေးပင်မြို့နယ် ရဲနွယ်ကုန်ထုတ်သမဝါယမအသင်းတို့မှ အမှုဆောင်များ၊ အသင်းသား တောင်သူများနှင့် ကျောက်တံခါးမြို့နယ် ဆောက်လုပ်ရေးရိပ်သာ၌ တွေ့ဆုံပြီး နိုင်ငံတော်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် တစ်ကေလျှင် ငွေကျပ် နှစ်သိန်းနှုန်းနှင့် ညီမျှသော မျိုး၊ ဓာတ်မြေသြဇာ၊ သွင်းအားစုများကို ထောက်ပံ့ခဲ့ကြောင်း၊ လက်ရှိစိုက်ပျိုးနေသော စပါးမျိုးများအပြင် အထွက်နှုန်း ကောင်းမွန်သော မျိုးကောင်းမျိုးသန့် စပါးမျိုးများကို တိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ထောက်ပံ့ငွေများကို သီးနှံပေါ်ပါက သတ်မှတ်ကာလအတွင်း အပြေအကျေ ပေးသွင်းကြစေလိုကြောင်း ပြောကြားကာ အသင်းသား တောင်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးမြို့ ဘောနတ်ကြီး-ကင်းချောင်းလမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းခွင်သို့ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ ကျေးရွာများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်း၊ ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ လိုက်နာနေထိုင်ပြီး နိုင်ငံတော်အပေါ် သစ္စာစောင့်သိကြရန် မှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပဲခူးမြို့ တပ်ကလေးမြောက်စုကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည့်တံ့ခိုင်မြဲရေးအတွက် ကျေးရွာသူ ကျေးရွာသားများသာမက တာဝန်ရှိသူအားလုံး ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် မှာကြား၍ ကျေးရွာများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးမြို့ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လေ့ကျင့်ရေးစင်တာသို့ ရောက်ရှိကြပြီး သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာ သင်တန်းပို့ချနေမှုကို ကြည့်ရှုအားပေးကာ သင်တန်းပြီးဆုံးပါက ကျွမ်းကျင်သူ ငါးဦးကိုရွေးချယ်ပြီး ရေရှည်လုပ်ငန်းများ လုပ်ကိုင်နိုင်စေရေးအတွက် လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ဆောင်ရွက်ပေးသွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မော်လမြိုင်ကျွန်းမြို့နယ်၌ နေကြာနှင့် ပိုက်ဆံလျှော်မျိုးစေ့များပေးအပ်

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအတွက် ဆောင်းနေကြာနှင့် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်)မျိုးစေ့ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ နိုဝင်ဘာ ၁၅ ရက်က ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်က တောင်သူများအား ဆောင်းနေကြာ စိုက်ပျိုးထုတ်လုပ်မှုအောင်မြင်ရေးအတွက် စိုက်ပျိုးရေးပညာရှင်များ၏ နည်းပညာပေးမှုများ၊ တောင်သူများ၏ အတွေ့အကြုံတို့နှင့် ပေါင်းစပ်ဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်သွင်က ပိုက်ဆံလျှော်မျိုးစေ့ ပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆောင်းနေကြာ ၃၃၅ ဧကအတွက် မျိုးစေ့များ၊ သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်)မျိုးစေ့များကို တစ်ဧကလျှင် နှစ်ပြည်နှုန်းဖြင့် ဧက၂၀၀၀ အတွက် တောင်သူ ၃၈၀ ထံ ပေးအပ်ကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

# မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်

**နေပြည်တော် နိုဝင်ဘာ ၁၇**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ကယားပြည်နယ်၊ လွိုင်ကော်တက္ကသိုလ်ရှိ ပညာရေးဆိုင်ရာအဆောက်အဦများအား KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက တိုက်ခိုက်ဖျက်ဆီးခဲ့မှုနှင့် ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့မှုအပေါ် ထုတ်ပြန်ကြေညာချက်

**နေပြည်တော် နိုဝင်ဘာ ၁၇**

၁။ KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် နိုဝင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် စစ်ရေးနှင့် သက်ဆိုင်သော ပစ်မှတ်မဟုတ်သည့် ကယားပြည်နယ်၊ လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး တက္ကသိုလ်တွင် လုံခြုံရေးတာဝန် ထမ်းဆောင်နေသည့် လုံခြုံရေးအဖွဲ့များကိုလည်း သာလွန်အင်အားများဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက် စီးနင်းခဲ့သည်။

၂။ အကြမ်းဖက်အဖွဲ့များအနေဖြင့် တက္ကသိုလ်အတွင်းသို့ ရောက်ရှိစီးနင်းပြီးနောက် ပညာရေးဆိုင်ရာအဆောက်အဦများအား ဖျက်ဆီးခြင်းများပြုလုပ်ကာ တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပါမောက္ခချုပ်အပါအဝင် ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်ထားရှိကြောင်း သိရှိရသဖြင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေး၊ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အချိန်မီကယ်ထုတ်နိုင်ရေး လိုအပ်သည်များ ဆောင်ရွက်ခဲ့ရသည်။

၃။ ထိုသို့ ဆောင်ရွက်ခဲ့သော်လည်း KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို လူသားတံတိုင်းအနေဖြင့် အကာအကွယ်ပြု တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ မလိုလားအပ်ဘဲ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေး ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ရသောကြောင့် အချို့ကိုသာ ပြန်လည်ကယ်ထုတ်နိုင်ခဲ့ပြီး ပါမောက္ခချုပ်အပါအဝင် ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူအချို့တို့သည် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို ခံခဲ့ရသည်။ ထို့ပြင် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် ဆရာ၊ ဆရာမအချို့ကိုလည်း ရက်စက်စွာ သတ်ဖြတ်ထားရှိခဲ့ကြောင်း သိရှိရသည်။

၄။ KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ ယခုလုပ်ရပ်သည် စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်မဟုတ်ဘဲ နိုင်ငံအတွက် အရေးကြီးသည့် ပညာရေးဆိုင်ရာ အဆောက်အဦများကို အကာအကွယ်ရယူ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း၊ ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို အသက်အန္တရာယ်ဇုန်မှ ကင်းလွတ်အောင် ထွက်ခွာခွင့်ပြုရမည့်အစား အတင်းအဓမ္မဖမ်းဆီးချုပ်နှောင်၍ လူသားတံတိုင်းအဖြစ် အသုံးချခဲ့ခြင်း၊ ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူအင်အား ရာဂဏန်းမျှရှိသည့် တက္ကသိုလ်ကို ရည်ရွယ်ချက်ရှိစွာဖြင့် ဦးတည် တိုက်ခိုက်ခဲ့ခြင်း၊ ပညာရေးဆိုင်ရာအဆောက်အဦများကို ဖျက်ဆီးခြင်း၊ အကာအကွယ်ရယူ တိုက်ခိုက်ခြင်းဖြစ်၍ ဂျီနီဗာကွန်ဗင်းရှင်း (၄) ရပ်၏ ဘုံအာတီကယ် (၃) နှင့် နောက်ဆက်တွဲစာချုပ် (၁) ၏ အာတီကယ်(၅၂) တို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ရာရောက်ပြီး ၎င်းအခြေခံသဘောတရားများသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေသဘောလည်း သက်ဝင်လျက်ရှိပါသည်။ ထို့အပြင် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံတို့သည် စာသင်ကျောင်းများ၊ ကလေးသူငယ်များနှင့် ဆရာ၊ ဆရာမများအပေါ် ပစ်မှတ်ထားတိုက်ခိုက်ခြင်းအား ရှုတ်ချပြီး ပဋိပက္ခတွင် ပါဝင်သူများအနေဖြင့် ပညာသင်ကြားခွင့် အခွင့်အရေးကို အကာအကွယ်ပေးရန် တိုက်တွန်းသည့် ဆုံးဖြတ်ချက်အမှတ် ၂၆၀၁ (၂၀၂၁) အား တညီတညွတ်တည်း ချမှတ်ခဲ့ကြပြီးဖြစ်၍ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ ယခုလုပ်ရပ်သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၆၀၁ (၂၀၂၁) UN Security Council Resolution 2601(2021) – the protection of Education in armed conflict ကိုလည်း ချိုးဖောက်ရာရောက်ပါသည်။

၅။ ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ပုံဖော်ရာတွင် မရှိမဖြစ် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနေသည့် ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာ ဝန်ထမ်းများနှင့် နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်ကြမည့် ကျောင်းသား၊ ကျောင်းသူများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် နိုင်ငံတော်၏ အနာဂတ်ကို နှောင့်ယှက်ဖျက်ဆီးတိုက်ခိုက်ခြင်းပင်ဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ အကျိုးမရှိစေဘဲ တိုင်းပြည်၏ အနာဂတ်ကို ပျက်စီးစေလိုသည့်၊ အသိဉာဏ် ကင်းမဲ့သည့် လူမဆန်သော လုပ်ရပ်ပင်ဖြစ်ပါသည်။ အလားတူ ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်ကြောင့် နိုဝင်ဘာ ၁၃ ရက်တွင် အဆိုပါတက္ကသိုလ်၌ စတင်ဖြေဆိုမည့် အဝေးသင်တက္ကသိုလ် တတိယအသုတ်စာမေးပွဲများကို အကန့်အသတ်မရှိ ရွှေ့ဆိုင်းခဲ့ရသဖြင့် ကျောင်းသား၊ ကျောင်းသူများအတွက် ထိခိုက်နစ်နာမှုများစွာကို ဖြစ်ပေါ်စေခဲ့ပါသည်။

၆။ သို့ဖြစ်ပါ၍ KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် စစ်ရေးနှင့် လုံးဝသက်ဆိုင်ခြင်းမရှိသည့် တက္ကသိုလ် ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို အတင်းအဓမ္မဖမ်းဆီးချုပ်နှောင်ထားခြင်းမှ ထိခိုက်မှု မရှိစေဘဲ အမြန်ဆုံးပြန်လွှတ်ပေးသွားရန်လိုကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**



KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အတွင်း စီးနင်းဝင်ရောက်မှုအား အွန်လိုင်းအထောက်အထား ဓာတ်ပုံများမှ တစ်ဆင့် တွေ့မြင်ရစဉ်။



KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အတွင်း စီးနင်းဝင်ရောက်မှုအား အွန်လိုင်းအထောက်အထား ဓာတ်ပုံများမှ တစ်ဆင့် တွေ့မြင်ရစဉ်။



KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ များက လွိုင်ကော် တက္ကသိုလ်မှ ဆရာ၊ ဆရာမ အချို့အား ရက်စက်စွာ သတ်ဖြတ်ထားရှိမှုအား အွန်လိုင်းအထောက်အထား ဓာတ်ပုံများမှတစ်ဆင့် တွေ့မြင်ရစဉ်။



KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အတွင်း စီးနင်းဝင်ရောက်တိုက်ခိုက်မှုကြောင့် ပညာရေးဆိုင်ရာ အဆောက်အဦများ ပျက်စီးဆုံးရှုံးရမှုများအား အွန်လိုင်းအထောက်အထား ဓာတ်ပုံများမှတစ်ဆင့် တွေ့မြင်ရစဉ်။






KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက လွိုင်ကော်တက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားမှုအား အွန်လိုင်းအထောက်အထား ဓာတ်ပုံများမှတစ်ဆင့် တွေ့မြင်ရစဉ်။



# အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပ

## အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)ကို အလုပ်သမား ၃၀နှင့်အထက်ရှိသော စက်ရုံ၊ အလုပ်ရုံများတွင် ဖွဲ့စည်းပေးထား





မန္တလေး နိုဝင်ဘာ ၁၇

**အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ခုံသမာဓိကောင်စီဝင်များ၊ အထက်မြန်မာပြည် ခုံသမာဓိအဖွဲ့ဝင်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်း(MRCCI)တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နှီးနှောဖလှယ်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲသည် အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် ဆုံးဖြတ်ချက်ရလဒ်ကောင်းများကို ရရှိလာစေရန် ရည်ရွယ်ပြုလုပ်ရခြင်း ဖြစ်ကြောင်း၊ မြန်မာပြည်အောက်ပိုင်းရှိ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များအတွက် အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကို အောက်တိုဘာ ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပခဲ့ပြီးဖြစ်ကြောင်း။

အလုပ်ရှင်၊ အလုပ်သမား အကြား အငြင်းပွားမှုကို ပြေလည်စွာ ဖြေရှင်းနိုင်ရန်နှင့် လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်လာစေရန် လုပ်ငန်းခွင်အတွင်း၌ အလုပ်ရှင်၊ အလုပ်သမား ကနဦးဆွေးနွေးညှိနှိုင်းနိုင်ရေး အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များ ပါဝင်သည့် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေး ကော်မတီ (WCC) ကို အလုပ်သမား ၃၀ နှင့် အထက်ရှိသော စက်ရုံ၊ အလုပ်ရုံများတွင် ဖွဲ့စည်းပေးထားကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်နေသည့် ကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများကို အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် စက်မှုလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်၍ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း/ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လျက်ရှိကြောင်း၊ အငြင်းပွားမှု ဖြေရှင်းရေး ယန္တရားတွင် ပါဝင်သည့် သက်ဆိုင်ရာ ကိုယ်စားလှယ်များအနေဖြင့် အလုပ်ရှင်၊ အလုပ်သမားများ၏ ရပိုင်ခွင့်များကို ဘက်လိုက်မှုမရှိဘဲ သမာသမတ်ကျစွာ ဖြေရှင်းဆောင်ရွက်ရန်လိုအပ်ပြီး အဖွဲ့အစည်းစွဲ မထားဘဲ အလုပ်ရှင်၊ အလုပ်သမားနှစ်ဖက်၏အကျိုးကို ကြည့်ရှုဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် နှီးနှောဖလှယ်ပွဲကို ဆက်လက်ကျင်းပရာ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နှီးနှောဖလှယ်ပွဲ ကျင်းပပြုလုပ်ရသည့် ကိစ္စရပ်များနှင့် ခုံသမာဓိကောင်စီဝင်တစ်ဦးက အလုပ်သမားရေးရာ အငြင်းပွားမှုများ စစ်ဆေးဆုံးဖြတ်ရာတွင် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များ၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာနနှင့် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအလိုက် စည်းကြပ်သည့် ဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော စိန်ခေါ်မှုများ၊ အားသာချက်၊ အားနည်းချက်များကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များအား အုပ်စု သုံးစုဖွဲ့၍ အုပ်စုအလိုက် ဆွေးနွေးခြင်းများအပေါ် အပြန်အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အောင်မြေသာစံမြို့နယ်ရှိ အလုပ်သမား ဆေးရုံကြီး(မန္တလေး)သို့ ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက်ကုသနေသည့် အာမခံအလုပ်သမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ကြီးတံခွန်မြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)သို့ သွားရောက်စစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနှင့်အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုလုပ်ငန်းအတွက် ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်ဖိုရမ် (၂၀၂၃) သို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၇**

ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနှင့်အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုလုပ်ငန်းအတွက် ရပ်ဝန်းနှင့်ပိုးလမ်းမနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် ဖိုရမ် (၂၀၂၃) (2023 Belt and Road Ministerial Forum for International Cooperation in Disaster Risk Reduction and Emergency Management – BRIDRREM) ကို တရုတ်ပြည်သူ့ သမ္မတနိုင်ငံက ကြီးမှူး၍ နိုဝင်ဘာ ၁၆ ရက် ညနေပိုင်းတွင် Video Conferencing စနစ်ဖြင့် ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း တက်ရောက်သည်။**(အပေါ်ယာပုံ)**



ဖွင့်ပွဲ အခမ်းအနားတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. LIU Guozhong က ယနေ့ဖိုရမ်ကို “Emergency Management: Safety and Prevention First” ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ရပ်ဝန်းနှင့် ပိုးလမ်းမကြီးတွင် ပါဝင်သော နိုင်ငံများအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး၊ ကြိုတင်ကာကွယ်ရေးနှင့် လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေးကို ပိုမိုထိရောက်အောင် ဆောင်ရွက်ရန် ဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံအလိုက် ဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို နိုင်ငံပေါင်း ၂၄ နိုင်ငံက အလှည့်ကျ ဆွေးနွေးတင်ပြရာ မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက ဖိုရမ် ကျင်းပမှုသည် သဘာဝဘေးအန္တရာယ်၊ ရာသီဥတုပြောင်းလဲမှုနှင့် ကိုဗစ်-၁၉ ကဲ့သို့ ကပ်ရောဂါဖြစ်ပွားမှုများကို ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးရန် အချိန်အခါကောင်းဖြစ်ပါကြောင်း၊ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော လူ့အဖွဲ့အစည်း တည်ဆောက်ရန်ဆိုသော ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိစေရန် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံ တစ်နိုင်ငံတည်း ဖြေရှင်းဆောင်ရွက်ပါက အချိန်များစွာ ယူရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံက ၂၀၂၀ ပြည့်နှစ်တွင် BRIDRREM ကို စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်ကျရောက်လွယ်သော နိုင်ငံဖြစ်သဖြင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေကို ၂၀၁၃ ခုနှစ်နှင့် နည်းဥပဒေကို ၂၀၁၅ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားရှိပြီး တည်မြဲအမိန့်ကို ပြန်လည်ပြင်ဆင်ရေးဆွဲ ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေးအတွက် ဆိုင်ကလုန်းဒဏ်ခံအဆောက်အဦများ တည်ဆောက်ခြင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းကျောင်း တည်ထောင်ခြင်း၊ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန(EOC)ကို ခိုင်မာအားကောင်းစေရန် အဆင့်မြှင့်တင်ခြင်း၊ ကြိုတင်သတိပေးစနစ်များ ပြည်သူလူထုထံ အမြန်ဆုံးရောက်ရှိစေရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ နည်းလမ်းစုံဖြင့် ဖြန့်ဝေလျက်ရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် ပံ့ပိုးကူညီခဲ့မှုများကို အထူးကျေးဇူးတင်ရှိ ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေး ဆောင်ရွက်ရာတွင် ခေတ်မီနည်းပညာများကို အသုံးပြုပြီး ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဖိုရမ်သို့ တက်ရောက်သော နိုင်ငံများက 2023 Belt and Road Ministerial Forum for International Cooperation in Disaster Risk Reduction and Emergency Management(BRIDRREM) ၏ ပူးတွဲကြေညာချက် (JointStatement) ကို အတည်ပြုခဲ့ကြပြီး တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ အရေးပေါ်စီမံခန့်ခွဲမှုဝန်ကြီးဌာနဝန်ကြီး Mr. WANG Xiangxi က နိဂုံးချုပ်စကား ပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံရှိ တက္ကသိုလ်များနှင့် အိန္ဒိယနိုင်ငံရှိ တက္ကသိုလ်များအကြား MoU ရေးထိုး၍ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၇

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့တွင် အိန္ဒိယနိုင်ငံအစိုးရက ကြီးမှူးကျင်းပသော "2nd Voice of Global South Summit (VOGSS 2.0)" "Together for Everyone's Growth, With Everyone's Trust" ထိပ်သီးဆွေးနွေးပွဲ၏ ဆက်စပ်အစည်းအဝေးဖြစ်သော ပညာရေးဝန်ကြီးများအဆင့် အစည်းအဝေးသို့ Online ဖြင့် တက်ရောက်ဆွေးနွေးသည်။** (ယာပုံ)



အဆိုပါအစည်းအဝေးကို "Making Human Resources Future Ready" ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးက ပါဝင်ဆွေးနွေးရာတွင် ပညာရေးသည် ၂၁ ရာစု၏ အသိပညာနှင့် စွမ်းဆောင်ရည်ရရှိရန် အခြေခံလိုအပ်ချက်ဖြစ်ပါကြောင်း၊ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်မြင့်မားရေးတို့သည် ပညာရေးတိုးတက်ပြောင်းလဲမှုအတွက် မရှိမဖြစ် လိုအပ်သည်မှာ ငြင်းဆို၍ မရပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကို အသစ်ခန့်အပ်သော တက္ကသိုလ်ဆရာ ဆရာမများနှင့် စီမံခန့်ခွဲရေး ဝန်ထမ်းများအား ပို့ချခဲ့ပါကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ရန်အတွက် မြန်မာနိုင်ငံရှိ တက္ကသိုလ်များနှင့် အိန္ဒိယနိုင်ငံရှိ တက္ကသိုလ်များအကြား MoU ရေးထိုး၍ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ ပညာတော်သင်များလည်း စေလွှတ်လျက်ရှိပါကြောင်း၊ ယခုကျင်းပသော ထိပ်သီးအစည်းအဝေးမှ ရရှိသော အဖိုးတန် ဆွေးနွေးချက်များကို ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ရောက်ရှိနိုင်မည်ဟု အခိုင်အမာယုံကြည်ကြောင်း ပြောကြားသည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲသို့ နိုင်ငံပေါင်း ၁၅ နိုင်ငံမှ ပညာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်မှုများ၊ အတွေ့အကြုံများကို တင်ပြဆွေးနွေးကာ အမြင်ချင်းဖလှယ်ခဲ့ကြပြီး အိန္ဒိယနိုင်ငံ ပညာရေးဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ ထိပ်သီးဆွေးနွေးပွဲကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး (၃၄)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အကြိုလှုပ်ရှားမှုအခမ်းအနားတက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၇**

(၃၄)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အကြိုလှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ နေပြည်တော် ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ကော်မတီနာယက၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော် ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ကော်မတီဝင်များ၊ နေပြည်တော် အမျိုးသမီးရေးရာ အဖွဲ့နာယက၊ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ကလေးသူငယ်များနှင့်မိဘများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီနာယက၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းကို အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်အဖြစ် ပြဋ္ဌာန်းခဲ့သည့် နိုဝင်ဘာ ၂၀ ရက်ကို ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့အဖြစ် သတ်မှတ်ကာ အခမ်းအနားများ ကျင်းပလျက်ရှိကြောင်း၊ ကလေးသူငယ်များ၏ အခွင့်အရေးများကို ပိုမိုရရှိလာစေရေးအတွက် ကလေးများနှင့် သက်ဆိုင်သည့် အခန်းကဏ္ဍအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ တာဝန်ယူခြင်းဖြင့် ကလေးသူငယ်အခွင့်အရေးများကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် ကလေးသူငယ် ကာကွယ် စောင့်ရှောက်ရေးနှင့် ပတ်သက်သည့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုစောင့်ရှောက် ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်၊ ရှေးဦးအရွယ်ကလေး သူငယ်ဖွံ့ဖြိုးမှု အခြေအနေ တိုင်းတာစစ်ဆေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေပြီး လူသားစွမ်းအားစုများကို မှန်ကန်စွာ ပြုစုပျိုးထောင်ပေးနိုင်ရေး အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးသူငယ်များကို နည်းမှန်လမ်းမှန် စနစ်တကျပြုစုစောင့်ရှောက်မှုပေးခြင်းဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေပြီး အရည်အသွေးမြင့်မားလာစေကာ အနာဂတ်အတွက် ကောင်းမွန်သည့် အခြေခံအုတ်မြစ်များ ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် နေပြည်တော် ကလေးပြုစုရေးဌာနနှင့် မူလတန်းကြိုကျောင်းများဖြစ်ကြသည့် ရင်သွေးရတနာ မူလတန်းကြိုကျောင်း၊ တော်ဝင်ရတနာ မူလတန်းကြိုကျောင်း၊ သီရိရတနာ မူလတန်းကြိုကျောင်း၊ ဒက္ခိဏသီရိ မူလတန်းကြိုကျောင်း၊ လွှတ်တော်မူလတန်းကြိုကျောင်း၊ ဥတ္တရသီရိမူလတန်းကြိုကျောင်း၊ ပျဉ်းမနားမူလတန်းကြိုကျောင်းနှင့် နန်းထိုက်ရတနာ မူလတန်းကြိုကျောင်းတို့မှ သားငယ် သမီးငယ်လေးများ၏ တေးသီချင်းများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး သားငယ် သမီးငယ်လေးများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**သတင်းစဉ်**

# ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဝါးခယ်မမြို့နယ်တွင် ဆင်းရွှေကြာ(၂)နေကြာမျိုးပွားစံပြကွက် စိုက်ပျိုးနေမှု ကြည့်ရှုအားပေး

**ဝါးခယ်မ နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ယမန်နေ့ညနေ ၆ နာရီက ဝါးခယ်မမြို့နယ် ကြာဖြူကျေးရွာအုပ်စု ကြာဖြူကွင်းအမှတ် (၁၀၀၀/က)၊ ဦးပိုင်အမှတ်(၁၇/က)ရှိ တောင်သူဦးဝင်းဗိုလ်၏ လယ် ၄.၈ဧကတွင် ဆင်းရွှေကြာ(၂) နေကြာမျိုးပွားစံပြကွက် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းဌေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစွမ်းထက်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သိန်းထွန်းနှင့်ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးတို့က မြို့နယ်အတွင်း နွေစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးရန် လျာထားမှုများကို ရှင်းလင်းတင်ပြသည်။**(ယာပုံ)**



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကြခတ်ကုန်းကျေးရွာရှိ "KUBOTA" လယ်ယာသုံးပစ္စည်း အရောင်းပြခန်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနှင့် ဝန်ထမ်းများက ကြခတ်ကုန်းအပါအဝင် ကျေးရွာအုပ်စု ရှစ်အုပ်စုမှ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးနေမှုကိုကြည့်ရှုအားပေးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်ဦးစီးမှူးတို့က မြို့နယ်အတွင်း အိမ်ထောင်စုတင်ပြရာ တင်ပြချက်များနှင့် ပတ်သက်၍ လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဟိန်းထက်လင်း(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၇ - နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံအစိုးရအနေဖြင့် Online လိမ်လည်မှုနှင့်ပတ်သက်၍ လုပ်ဆောင်နေမှု အခြေအနေများ၊ ကယားပြည်နယ်ရှိ KNPP နဲ့ PDF အကြမ်းဖက်တွေဆီကို ပို့ဆောင်မယ့် လက်နက်၊ ခဲယမ်းအမြောက်အမြား ဖမ်းဆီးရမိမှု၊ ထိတွေ့တိုက်ပွဲများဖြစ်ပွားမှုအခြေအနေများနှင့်ဘဏ်နှင့်ပတ်သက်သော ကောလာဟလသတင်းများ ထွက်ပေါ်နေမှုအခြေအနေတို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ ထူးခြားဖြစ်စဉ်အနေနဲ့၊ ထိတွေ့တိုက်ပွဲဖြစ်စဉ်အနေနဲ့၊ ပထမဦးဆုံး ကျွန်တော်တို့အနေနဲ့ မနေ့ကလည်း ကျွန်တော်ပြောခဲ့ပြီးဖြစ်တယ်။ အွန်လိုင်းလိမ်လည်မှုတွေနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံအစိုးရအနေနဲ့ အမြစ်ပြတ်ချေမှုန်းနိုင်ရေး ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိတယ်။ ဒီလိုဆောင်ရွက်လျက်ရှိတဲ့နေရာမှာ အဓိက ဖြစ်ပွားခဲ့တဲ့နယ်မြေ ရှမ်းပြည်နယ် အရှေ့မြောက်နယ်မြေတွေနဲ့ ဆက်စပ်နေတဲ့ နယ်မြေတွေမှာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နဲ့ (တောင်ပိုင်း) မှာ ကျွန်တော်တို့ ဒီလဆန်းပိုင်းကနေ စပြီးတော့ စစ်ဆေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုစစ်ဆေးမှုတွေဆောင်ရွက်တဲ့ နေရာမှာ နိုဝင်ဘာလ ၅ ရက်နေ့က ရှမ်းပြည်နယ်(အရှေ့ပိုင်း) "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မက်မန်းမြို့နယ်၊ ကျေးရွာတွေကို တရားမဝင် ဝင်ရောက်နေထိုင်သူတွေ ဝင်ရောက်စစ်ဆေးခဲ့တယ်။ စစ်ဆေးခဲ့တဲ့နေရာမှာ တရားမဝင် ဝင်ရောက်နေသူ သံသယရှိသူ ၄၈ ယောက် ဖမ်းဆီးရမိခဲ့တယ်။ ထို့ပြင် မိုင်းယောင်းမြို့နယ်ထဲမှာလည်း စစ်ဆေးခဲ့တာတွေ ဆောင်ရွက်ခဲ့တယ်။ ပြီးရင်တော့ တာချီလိတ်မှာလည်း စစ်ဆေးမှုတွေဆောင်ရွက်ခဲ့တယ်။ ပြီးရင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဂိတ်တွေမှာ စစ်ဆေးမှုတွေ ဆောင်ရွက်ခဲ့တယ်။ ဒီစစ်ဆေးမှုတွေထဲမှာ ဖမ်းဆီးရမိမှုအနေနဲ့ကတော့ တရုတ်နိုင်ငံသား ၂၇၀၊ မလေးရှားနိုင်ငံသား နှစ်ဦး၊ ဗီယက်နမ်နိုင်ငံသား တစ်ဦးနဲ့ မြန်မာနိုင်ငံသား ၁၃ ဦး စုစုပေါင်း ၂၈၆ ဦး ဖမ်းဆီးရမိခဲ့တယ်။ ဒီဖမ်းဆီးရမိသူတွေကို ကျွန်တော်တို့ ကနဦးစစ်ဆေးတယ်။ စစ်ဆေးတဲ့အခါမှာ မြန်မာနိုင်ငံအတွင်းမှာ အွန်လိုင်းကတစ်ဆင့် ငွေကြေးလိမ်လည်မှုနဲ့ လောင်းကစားမှုတွေ ပြုလုပ်ဖို့ရောက်ရှိနေတဲ့လူတွေဆိုတာ ကနဦးစစ်ဆေးဖော်ထုတ်ချက်အရ တွေ့ရှိရတယ်။ ဒီ ၂၈၆ ဦးကို ဆက်လက်ပြီး စစ်ဆေးမှုများဆောင်ရွက်ပြီးတော့ တရားဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်တယ်။ အများစုကတော့ ကျွန်တော်တို့ စစ်ဆေးချက်တွေအရ သိရှိရတာကတော့ "ဝ" နယ်မြေထဲမှာ တရားမဝင်အွန်လိုင်းလိမ်လည်မှု ပြုလုပ်ရာကနေပြီးမှ ထွက်ပြေးလာတဲ့သူတွေလို့ ကျွန်တော်တို့ သိရှိရပါတယ်။ အသေးစိတ်စုံစမ်းစစ်ဆေးမှုတွေ ဆောင်ရွက်လျက် ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အွန်လိုင်းလိမ်လည်မှုတွေကို အိမ်နီးချင်းနိုင်ငံတွေနဲ့ပူးပေါင်းပြီး တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိတယ်လို့ ပြောချင်ပါတယ်။



### ပြည်ပနိုင်ငံတွေက ထောက်ပံ့ပေးနေ

နောက်တစ်ခုကတော့ ကယားပြည်နယ်အတွင်းမှာ အဖျက်အမှောင့်လုပ်ငန်းတွေ ဆောင်ရွက်နေတဲ့ KNPP ၊ PDF အကြမ်းဖက်အဖွဲ့တွေထံကို ပို့ဆောင်မယ့် လက်နက်၊ ခဲယမ်းအမြောက်အမြား ဖမ်းဆီးရမိခဲ့ပါတယ်။ ပင်လုံမြို့မှာ ဖော်ထုတ်ဖမ်းဆီးရမိခဲ့တာ ဖြစ်တယ်။ အကြမ်းဖျင်းအားဖြင့်တော့ RPG ဒုံးပစ်လောင်ချာ ၁၂ လက်၊ တရုတ်စက်လက် ကိုးလက်နဲ့ Type – 81 မောင်းပြန်ရိုင်ဖယ် ၁၀၉ လက် ပါပါတယ်။ ခဲယမ်းအမြောက်အမြား ဖမ်းဆီးရမိခဲ့ပါတယ်။ တရားခံများလည်း ဖမ်းဆီးရမိခဲ့ပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး Type – 81 ဆိုတဲ့လက်နက်အမျိုးအစားဟာ အထူးဒေသတစ်ခုကနေပြီးမှ ထွက်လာတဲ့ လက်နက်တွေဖြစ်တယ်လို့ ယူဆရပါတယ်။ ဒီမှာ သတိရှိစေချင်တာကတော့ မြန်မာနိုင်ငံမှာ အခုဖြစ်ပွားနေတဲ့၊ ဖြစ်ပေါ်နေတဲ့ လက်နက်ပဋိပက္ခတွေရဲ့ နောက်ကွယ်မှာ EAO အဖွဲ့တွေရှိနေတယ်။ ထောက်ပံ့ပေးနေတာတွေဟာ EAO အဖွဲ့တွေဖြစ်တယ်။ ငွေရေးကြေးရေးအရ ပြည်ပနိုင်ငံတွေက ထောက်ပံ့ပေးနေတာတွေရှိတယ်။ မြန်မာနိုင်ငံကို ယခင်ကတည်းက ရန်သူသဖွယ် သဘောထားနေတဲ့ နိုင်ငံတွေက အကြောင်းအမျိုးမျိုးနဲ့ ထောက်ပံ့ပေးတာရှိတယ်။ လက်နက်ထောက်ပံ့မှုကိုလည်း မျိုးစုံလုပ်နေပြီးတော့ ပဋိပက္ခအရှိန်အဟုန်မြှင့်နေတာဖြစ်တယ်ဆိုတာကို တွေ့ရှိရပါတယ်။

### ကယားပြည်နယ်တရားရုံးကို မီးရှို့ဖျက်ဆီး

ထိတွေ့တိုက်ပွဲများအနေနဲ့ကတော့ ကျွန်တော်တို့ ရှမ်းအရှေ့မြောက်မှာ နမ့်ခမ်းကို အဝေးကလာရောက်ပစ်ခတ်တာရှိတယ်။ တာမိုးညဲနဲ့ ဟိုပန်မှာတော့ Drop Bomb တွေချပြီး လာရောက်တိုက်ခိုက်တာမျိုးရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဆက်လက်ပြီး အဓိက ဆက်သွယ်ရေးလမ်းကြောင်းဖြစ်တဲ့ မန္တလေး – မူဆယ်လမ်းကြောင်းနဲ့ ပတ်သက်ပြီးတော့ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ကယားပြည်နယ်အခြေအနေမှာတော့ ကယားပြည်နယ် အကျဉ်းထောင်ကို လာရောက်ပြီးတော့ ပစ်ခတ်ခဲ့တာရှိတယ်။ ဒီနေ့ နေ့ခင်းမှာတော့ ပြန်လည်ဆုတ်ခွာသွားတာရှိတယ်။ ကယားပြည်နယ်မှာ နောက်တစ်ခုက ကျွန်တော်တို့ တရားရုံးပေါ့။ ကယားပြည်နယ်တရားရုံးကို ဝင်ရောက်သွားပြီး မီးရှို့ဖျက်ဆီးသွားတာမျိုးရှိတယ်။ ရခိုင်ဘက်မှာတော့ နယ်ခြားစောင့်ရဲကင်းစခန်းဖြစ်တဲ့ ဒုံးညိုရဲကင်းစခန်းမှာ နှစ်ရက်ကြာ ထိတွေ့တိုက်ပွဲဖြစ်ပွားနေပြီး ဒီနေ့ နေ့လယ်မှာ ပြန်ပြီးဆုတ်ခွာပေးလိုက်တာရှိတယ်။ ထရွန်အိုင်ဘက်မှာလည်း ထိတွေ့တိုက်ပွဲအနည်းငယ်ရှိတယ်။ ပေါက်တောမြို့မှာတော့ ပေါက်တောရဲစခန်းဆုတ်ခွာပြီး နောက်ပိုင်းမှာ ပေါက်တောမြို့ရဲ့ အခြေအနေကို တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြန်လည်ရောက်ရှိပြီးဖြစ်တယ်။ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြန်လည်ရောက်ရှိပြီး နေရာချထားပြီးဖြစ်တယ်။ မြို့ရဲ့အခြေအနေကို အားလုံးထိန်းချုပ်ထားပြီ ဖြစ်တယ်လို့ ပြောချင်ပါတယ်။

### ဗဟိုဘဏ်က ထုတ်ပြန်ထား

နောက်တစ်ခုကတော့ အချိန်ကိုက်မှာပဲ ယခင်အပတ်တုန်းကတော့ ယခင်အပတ်ကစပြီး စက်သုံးဆီနဲ့ပတ်သက်တာ ကောလာဟလတွေ ထုတ်လွှင့်ခဲ့တာရှိပါတယ်။ ကျွန်တော်တို့စက်သုံးဆီနဲ့ပတ်သက်ပြီး သတင်းထုတ်ပြန်ပြီးနောက်ပိုင်းမှာ စက်သုံးဆီနဲ့ ပတ်သက်ပြီး ကောလာဟလများ ငြိမ်ကျသွားပြီး ခုနောက်ထပ်ဝါဒဖြန့်မှုတစ်ခုပေါ့။ ဘဏ်တွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်နေတာရှိပါတယ်။ ဘဏ်တွေမှာ ငွေရေးကြေးရေးလုံလောက်မှု မရှိဘူးလို့၊ ဘဏ်တွေမှာ ငွေထုတ်နေပြီဆိုတဲ့ဟာတွေ ဆောင်ရွက်နေတာ ရှိပါတယ်။ ပြည်သူလူထုအနေနဲ့ သိရှိထားဖို့ကတော့ ဘဏ်တွေနဲ့ပတ်သက်ပြီးတော့ ဗဟိုဘဏ်ကလည်း ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ အာမခံနိုင်တာက ငွေရေးကြေးရေးအနေနဲ့ အလုံအလောက်ရှိပါတယ်။ ငွေရေးကြေးရေးအနေနဲ့ ဗဟိုဘဏ်အနေနဲ့လည်း ငွေရေးကြေးရေး ထုတ်/သွင်းမှုမှာ မူတည်ပြီးတော့ ဘဏ်တွေမှာ ငွေသားလက်ကျန် ငွေသားထုတ်ပေးနိုင်မှု ချိန်ညှိဆောင်ရွက်လျက် ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး စိတ်ပူစရာမရှိဘူးလို့ အာမခံပြောကြားနိုင်ပါတယ်။

**သတင်းစဉ်**

> ❑ **ပြည်သူလူထုအနေနဲ့ သိရှိထားဖို့ကတော့ ဘဏ်တွေနဲ့ပတ်သက်ပြီးတော့ ဗဟိုဘဏ်ကလည်း ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ အာမခံနိုင်တာက ငွေရေးကြေးရေး အနေနဲ့ အလုံအလောက်ရှိပါတယ်။ ငွေရေးကြေးရေးအနေနဲ့ ဗဟိုဘဏ်အနေနဲ့လည်း ငွေရေးကြေးရေး ထုတ်/သွင်းမှုမှာ မူတည်ပြီးတော့ ဘဏ်တွေမှာ ငွေသားလက်ကျန် ငွေသားထုတ်ပေးနိုင်မှု ချိန်ညှိဆောင်ရွက်လျက် ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး စိတ်ပူစရာမရှိ**

# လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ ပွင့်ဖြူမြို့နယ်နှင့် ဟိုင်းကြီးကျွန်းမြို့နယ်တို့၌ ကျင်းပ

ပွင့်ဖြူ နိုဝင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကုန်းဇောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၆ ရက်က ကျင်းပသည့် လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာအောင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ငါးဦးက လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်စာဖတ်ခြင်းအကျိုးကျေးဇူး၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် ယဉ်ကျေးမှုတန်ဖိုး၊ လူငယ်နှင့် ကျန်းမာရေးခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

### စာအုပ်စာစောင်များ ခင်းကျင်းပြသ

ထို့နောက် တက်ရောက်လာကြသူများ၏ သိရှိလိုသည့် မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ရှင်းလင်းဖြေကြားကြပြီး စကားဝိုင်းဆွေးနွေးပွဲအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာသိကောင်းစရာ နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို ခင်းကျင်းပြသခဲ့သည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ပြင်ခရိုင် အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၁၆ ရက်က ကျင်းပသည့် လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် ဟိုင်းကြီးကျွန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန့်ဇော်လင်းက အမှာစကားပြောကြားပြီး မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်နှင်းယုမော်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် ကိုယ်ကျင့်တရား စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးသည်။ ထို့နောက် ဆွေးနွေးပွဲ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်း၍ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့သည်။

**လှိုင်မျိုးအောင်(ပြန်/ဆက်)**
**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# ကယားပြည်နယ်အတွင်း အဖျက်အမှောင့်လုပ်ရပ်များနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည့် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများထံသို့ လက်နက်၊ ခဲယမ်းများပို့ဆောင်မည့်တရားခံများ ဖမ်းဆီးရမိ


တရားခံ ခွန်သောင်းထွန်း


တရားခံ ခွန်အောင်မင်း


တရားခံ ခွန်နေမျိုး


တရားခံ ကျော်ဇင်ထွန်း

ကယားပြည်နယ်အတွင်း အဖျက်အမှောင့်လုပ်ရပ်များနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည့် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများထံသို့ လက်နက်၊ ခဲယမ်းများ ပို့ဆောင်မည့် တရားခံများအား ဖမ်းဆီးရမိသည့် မှတ်တမ်းဓာတ်ပုံ။


တရားခံ ခွန်အောင်ကျော်မြင့်


တရားခံ ခွန်အောင်ကျော်


တရားခံ ပေတူး(ခ)မာရီယာနို

**နေပြည်တော် နိုဝင်ဘာ ၁၇**

KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် သမားများသည် ကယားပြည်နယ်အတွင်း အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ ဆရာ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များကို ဝင်ရောက်ဖျက်ဆီးခြင်းနှင့် လုယက်ခြင်းများအား ဥပဒေမဲ့ ကျူးလွန်လျက်ရှိသည်။ အဆိုပါ အကြမ်းဖက် သမားများသည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အချို့နှင့် ချိတ်ဆက်ကာ လက်နက်၊ ခဲယမ်းများဝယ်ယူ၍ အပြစ်မဲ့ပြည်သူများအပေါ် လက်နက်အားကိုးဖြင့် အနိုင်ကျင့် နှိပ်စက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေခြင်းဖြစ်သည်ကို စိစစ်တွေ့ရှိရသည်။

### ဖမ်းဆီးရမိခဲ့

နိုင်ငံတော်အစိုးရ အနေနှင့် တပ်မတော်အနေဖြင့် လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်လျက်ရှိပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသောလုပ်ရပ်နှင့် အကြမ်းဖက်လုပ်ရပ်များကို မလိုလားသည့် ဒေသခံ တိုင်းရင်းသားပြည်သူများ၏ လျှို့ဝှက်စွာသတင်းပေးပို့မှုများအရ နိုဝင်ဘာ ၁၆ ရက် ညပိုင်းတွင် ကယားပြည်နယ်အတွင်း အဖျက်အမှောင့် လုပ်ရပ်များနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည့် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် သမားများထံသို့ လက်နက်၊ ခဲယမ်းများ သယ်ယူပို့ဆောင်ပေးနေသော ပင်လုံမြို့ ပန်မုန့်အုပ်စု လွယ်တပ်ကျေးရွာ New Power စက်သုံးဆီဆိုင်ပိုင်ရှင် တရားခံ **ခွန်သောင်းထွန်း**အား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ခွန်သောင်းထွန်း၏ ထွက်ဆိုချက်အရ ပင်လုံမြို့ ပန်မုန့်ကျေးရွာနေ ပေတူး(ခ) မာရီယာနို၏နေအိမ်ခြံဝင်းအတွင်းရှိ ဂိုဒေါင်အဆောက်အဦ၌ တရားခံ **ခွန်အောင်မင်း**၊ **ခွန်နေမျိုး**၊ **ကျော်ဇင်ထွန်း**၊ **ခွန်အောင်ကျော်မြင့်**နှင့် **ခွန်အောင်ကျော်**တို့ ငါးဦးတို့ကို ကယားပြည်နယ်အတွင်း အဖျက်အမှောင့်လုပ်ရပ်များနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည့် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ထံသို့ ပို့ဆောင်မည့် RPG ဒုံးပစ်လောင်ချာ ၁၂ လက်၊ တရုတ်စက်လတ်ကိုးလက်၊ Type-81 မောင်းပြန်ရိုင်ဖယ် ၁၀၉ လက်၊ စုစုပေါင်း လက်နက်မျိုးစုံ အလက် ၁၃၀၊ RPG ဒုံးသီး ၁၀၆ လုံး၊ အီနာဂါ ဗုံးသီး အလုံး ၆၁၀၀၊ တရုတ်ကြိုးဆွဲလက်ပစ်ဗုံး ၁၄၂၆ လုံး၊ စုစုပေါင်း ဗုံးသီးမျိုးစုံ ၇၆၃၂ လုံး၊ ၇.၆၂ ကျည်အတောင့် ၁၃၆၇၀၊ ၁၀၇ မမ စနက်အုံအခု ၁၀၀၊ လက်နက်ငယ်ပြောင်း အပိုအချောင်း ၅၀၀၊ ကျည်အိမ်မျိုးစုံ ၁၈၂၉ ခု၊ TNT ယမ်း ၉၅၀ ကီလိုဂရမ်၊ အမိုနီယမ်နိုက်ထရိတ် ၂၀၀ ကီလိုဂရမ်၊ Equipment အစုံ ၂၀၀၀၊ Canter အမျိုးအစား(လိုင်စင်မဲ့)ခြောက်ဘီးယာဉ်သုံးစီး၊ Ford အမျိုးအစား (လိုင်စင်မဲ့) မော်တော်ယာဉ်တစ်စီးနှင့် Vigo အမျိုးအစား(လိုင်စင်မဲ့) မော်တော်ယာဉ် တစ်စီးတို့အား သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်ဘက်သို့ လက်နက်၊ ခဲယမ်းများ အဓိကပို့ဆောင်ပေးနေသည့် ထွက်ပြေးတိမ်းရှောင်နေသူ တရားခံ **ပေတူး (ခ) မာရီယာနို** အား ထပ်မံဖမ်းဆီးရမိခဲ့သည်။

### လေးကြိမ်ခွဲ သယ်ယူ

ဖမ်းဆီးရမိတရားခံ **ခွန်သောင်းထွန်း**နှင့် **ပေတူး(ခ)မာရီယာနို**တို့၏ ထွက်ဆိုချက်အရ သိမ်းဆည်းရမိ လက်နက်၊ ခဲယမ်းများအား ကယားပြည်နယ်ရှိ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ စေခိုင်းမှုဖြင့် ပင်လုံမြို့နယ် ကုန်းကျောင်းကျေးရွာသို့ လာရောက်ပို့ဆောင်သည့် SSPP/SSA ယူနီဖောင်းဝတ်ဆင်ထားသူ ၁၀ ဦးထံမှ လေးကြိမ်ခွဲ၍သွားရောက်သယ်ယူခဲ့ပြီး နေအိမ်ခြံဝင်းအတွင်းရှိ ဂိုဒေါင် အဆောက်အဦတွင် စုစည်းထားခြင်း ဖြစ်ကြောင်း၊ အဆိုပါလက်နက်၊ခဲယမ်းများအား Canter အမျိုးအစား ခြောက်ဘီးယာဉ်တို့ဖြင့် ကယားပြည်နယ်ဘက်သို့ ဆက်လက်ပို့ဆောင်ရန် စီစဉ်နေစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

### သတင်းပေးတိုင်ကြားနိုင်

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိ တရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ လက်နက်၊ ခဲယမ်း သယ်ဆောင် ရောင်းဝယ်မှုများ၊ ၎င်းတို့ ပုန်းခိုရာနေရာများနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဆက်လက်ဖမ်းဆီးရမိရေး အတွက် သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေး အတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**


ကယားပြည်နယ်အတွင်း အဖျက်အမှောင့်လုပ်ရပ်များနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည့် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများထံသို့ လက်နက်၊ ခဲယမ်းများပို့ဆောင်မည့် တရားခံများအား လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။




ကယားပြည်နယ်အတွင်း အဖျက်အမှောင့်လုပ်ရပ်များနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည့် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများထံသို့ ပို့ဆောင်မည့် လက်နက်ခဲယမ်းများ။

# နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင်များမှ စက်သုံးဆီများ ပုံမှန်ရောင်းချလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ရန်ကုန်သီလဝါဆိပ်ကမ်းဒေသကြီးရှိ စက်သုံးဆီ Terminal များမှ စက်သုံးဆီများအား ဆီသယ်ယာဉ်များဖြင့် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များသို့ နေ့ညမရွေး အဆက်မပြတ် ဖြည့်တင်းသယ်ယူပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ဖြန့်ဖြူးပေးလျက်ရှိသဖြင့် နိုင်ငံတစ်ဝန်းရှိ အရောင်းဆိုင်အားလုံးတွင် စက်သုံးဆီလာရောက်ဝယ်ယူမှုအခြေအနေမှာ ယခင်ကဲ့သို့ ပုံမှန်အတိုင်းဖြစ်ပြီး စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းပြီး ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များမှ အများပြည်သူသို့ စက်သုံးဆီရောင်းချနေမှုများကို စစ်ဆေးဆောင်ရွက်ခြင်း၊ အများပြည်သူသို့ ရောင်းချပေးသည့်စက်သုံးဆီများ အခြင်အတွယ်မှန်ကန်ကိုက်ညီမှုရှိစေရန်အတွက် လီတာ ၂၀ စံခြင်ခွက်များဖြင့် စစ်ဆေးခြင်းများ**(အပေါ်ပုံ)** ဆောင်ရွက်လျက်ရှိသည့်အပြင် စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီလာရောက်ဝယ်ယူသူများနှင့် တွေ့ဆုံပြီး လိုအပ်ချက်များအား ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**












# ဘဏ်များနှင့်ပတ်သက်၍ လတ်တလော သတင်းထွက်ပေါ်မှုများမှာ ကောလာဟလသာဖြစ်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ဘဏ်များတွင် ငွေသားထုတ်ယူမှု ကန့်သတ်ခံနေရကြောင်း လတ်တလောသတင်းထွက်ပေါ်မှုများမှာ ကောလာဟလသာဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သိရသည်။

လက်ရှိတွင် ဘဏ်များအနေဖြင့် ငွေကျပ်သိန်း ၅၀၀၀ အထိ လွှဲပြောင်းရရှိနေပြီး ဘဏ်လုပ်ငန်းတည်ငြိမ်လာချိန်တွင် လူမှုကွန်ရက်ပေါ်၌ ကောလာဟလဖြန့်ဝေနေမှုကို အကြမ်းဖက်အဖွဲ့အစည်းများနှင့် ပတ်သက်သော မီဒီယာများ၊ လူပုဂ္ဂိုလ်များနှင့် မီဒီယာအရေခြုံ အကြမ်းဖက်အားပေးနေသူများက ဖြန့်ဝေရေးသားနေကြခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ သတင်းမှားများကို ဝါဒဖြန့်နေသော်လည်း အများပြည်သူအနေဖြင့် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်ကာလကကဲ့သို့ စုပြုံငွေထုတ်ခြင်းမျိုး မဖြစ်ဘဲ အများစုမှာ စဉ်းစား၍ တည်တည်ငြိမ်ငြိမ်ဖြင့် ရှိနေကြောင်းလည်း စုံစမ်းသိရှိရသည်။

“အရင် ၂၀၂၁ ကလိုဖြစ်အောင် ကြံစည်တာပါ။ ဒီသတင်းက မဟုတ်တာကို သိသိနဲ့လည်း တချို့က တစ်ဖက်စွန်းရောက်ပြီး အားပေးအားမြှောက်နဲ့ လူမှုကွန်ရက်တွေမှာ ရေးကြတယ်။ မီဒီယာနဲ့ တော်လှန်တယ်လို့ ခေါင်းစဉ်တပ်ပြီးတော့ မဟုတ်တာကို သိသိနဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အကျပ်ရိုက်အောင် လုပ်တဲ့သဘောဖြစ်တယ်။ အမှန်ကတော့ ဘဏ်လုပ်ငန်းက အခုဆိုရင် ပိုပြီးတော့ တည်ငြိမ်လာနေပြီ။ ဒါကြောင့် အခုလို ကောလာဟလ ဖြန့်နေတာကို မတုန်လှုပ်ဖို့ ပြောချင်တယ်”ဟု ဘဏ်လုပ်ငန်းနှင့်နီးစပ်သူတစ်ဦးက ပြောသည်။

ယခုလတ်တလောကာလအတွင်း အများပြည်သူအကျိုးစီးပွားပျက်စီးစေရန် မသမာသူလူတစ်စုက လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းမှားများဖြန့်ဝေလျက်ရှိကြောင်း၊ အဆိုပါ လူမှုကွန်ရက်စာမျက်နှာများနှင့် အင်တာနက် Website များတွင်ဖြန့်ဝေနေသော သတင်းတွင် “ဘဏ်များရှိ အပ်ငွေစာရင်းများမှ ငွေသားထုတ်ယူခြင်းများကို ကန့်သတ်နေကြောင်း” ပါရှိသည်။

ယင်းထုတ်ပြန်ချက်များမှာ မဟုတ်မမှန်သော သတင်းမှားများသာဖြစ်ကြောင်းနှင့် အလားတူ အချို့ပုဂ္ဂလိကဘဏ်များ၌ ဝန်ထမ်းများကို လစာများကြိုတင်ထုတ်ပေးကြောင်း သတင်းများလည်း ထွက်ပေါ်လျက်ရှိသည်မှာလည်း သတင်းမှားများဖြစ်ကြောင်း ဗဟိုဘဏ်က နိုဝင်ဘာ ၁၆ ရက်တွင် ထုတ်ပြန်ထားသည်။

ဘဏ်များရှိ အပ်ငွေစာရင်းများမှ ငွေသားထုတ်ယူခြင်းများကို ကန့်သတ်ချက်မရှိထုတ်ယူနိုင်ပြီး ဘဏ်များ၏ ဘဏ်ခွဲအသီးသီးတွင် Core Banking System စနစ်အရ အများပြည်သူ အပ်နှံငွေစာရင်းအချက်အလက်များကို အဆင်ပြေချောမွေ့စွာ သိရှိနိုင်သဖြင့် နိုင်ငံတစ်ဝန်းရှိ မည်သည့်ဘဏ်ခွဲတွင်မဆို ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ရယူနိုင်ကြောင်း၊ ယင်းအပြင် ဒစ်ဂျစ်တယ်နည်းလမ်းဖြင့်လည်း ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများ၊ ပေးချေမှုများကို လွယ်ကူစွာ ဆောင်ရွက်နိုင်ပြီး ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိကာ ဘဏ်များ၏ Customer များကလည်း ပုံမှန်ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဘဏ်များထံမှ ရယူဆောင်ရွက်လျက်ရှိသည်။

ယခုအခါ အများပြည်သူ၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေရန် သတင်းမှားများ ဖြန့်ဝေသူများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ထုတ်အရေးယူပြီး ထိရောက်ဟန့်တားသော ပြစ်ဒဏ်များချမှတ်နိုင်ရန် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။ Myo Khine

## တောင်တွင်းကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး နိုဝင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေ ဌာန၊ တင်ဒါစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် လမ်း၊ တံတား၊ Box Culvert လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသင်းမင်းလတ်၊ မကွေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆလိုင်းနေအောင်ဆန်းနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လမ်း၊ တံတား၊ Box Culvert လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။**(ယာပုံ)**

တောင်တွင်းကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေ ၃၉၃ ဒသမ ၀၉၄ သန်းဖြင့် တံတားနှစ်စင်းနှင့် Box Culvert နှစ်စင်းနှင့် ဂဝံမြေနီလမ်း ၁/၃ ဒသမ ၄၅ မိုင်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခိုင်ထွေးထံမှ သိရသည်။ **အောင်ကို(ပြန်/ဆက်)**



# ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် (တောင်ပိုင်း) တို့တွင် Online မှတစ်ဆင့် ငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ၌ ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

နိုင်ငံတော်အစိုးရက နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိရာ ဝိသမလောဘသမားများ အနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများကို တရားမဝင် ပို့ဆောင်ပြီး Online မှတစ်ဆင့် ငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည့်အတွက် လုံခြုံရေးအဖွဲ့အစည်းများက ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့များက သတင်းအရ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မက်မန်းခရိုင် မက်မန်းမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ရှောင်တခင် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ရောင်အူကျေးရွာအုပ်စု မတ်ငေါက်ကျေးရွာတွင် တရားမဝင် တရုတ်နိုင်ငံသား ကျား ၈ ဦးကို လည်းကောင်း၊ ဆွတ်ပိုးအုပ်စု အောင်သံလွင်ကျေးရွာတွင် တရားမဝင် တရုတ်နိုင်ငံသား ကျား ၁၉၆ ဦး၊ မ ၂ ဦးနှင့် မလေးရှားနိုင်ငံသား ကျား ၂ ဦး၊ ပေါင်း ၂၀၀ ကိုလည်းကောင်း၊ အေးကျန့်အုပ်စု ကာနကျေးရွာတွင် တရားမဝင် တရုတ်နိုင်ငံသား ကျား ၃၉ ဦး၊ မ ၁ ဦးနှင့် မြန်မာနိုင်ငံသား ကျား ၃ ဦး၊ မ ၅ ဦး၊ ပေါင်း ၄၈ ဦးကို လည်းကောင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

အလားတူ နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီခွဲခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က သတင်းအရ မိုင်းယောင်းမြို့နယ် မိုင်းယုမြို့ တာကြန့်အုပ်စု တာကြန့်ကျေးရွာအနီး ဟိုခိုလမ်းခွဲ၌ စစ်ဆေးဆောင်ရွက်နေစဉ် မိုင်းယုမြို့ဘက်မှ မိုင်းယောင်းမြို့ဘက်သို့ မောင်းနှင်လာသော ဆိုင်ကယ် ၂ စီးအား စစ်ဆေးရာ တရားမဝင် တရုတ်နိုင်ငံသား ကျား ၁ ဦးနှင့် မ ၁ ဦး၊ ပေါင်း ၂ ဦးကို ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသူများအား စစ်ဆေးချက်အရ ဆိုင်ကယ်မောင်းနှင်သူ ကော်ဆမ်မိန်းကျေးရွာနေ ကိုမင်း၏နေအိမ်အား ရှာဖွေစစ်ဆေးခဲ့ရာ တရားမဝင် တရုတ်နိုင်ငံသား ကျား ၈ ဦးနှင့် မြန်မာနိုင်ငံသား ကျား ၅ ဦး၊ ပေါင်း ၁၃ ဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထို့အတူ နိုဝင်ဘာ ၉ ရက် နံနက် ၁၁ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က သတင်းအရ တာချီလိတ်မြို့နယ် မိုင်းဖုန်း (က) အုပ်စု ပါဆာကျေးရွာနှင့် စံဖူးကျေးရွာကြားရှိ ဝမ်ပုံ – စံဖူး သွားကားလမ်းတစ်လျှောက် ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ စံဖူးကျေးရွာအနီး လယ်ကွင်းနေရာ၌ တရားမဝင် တရုတ်နိုင်ငံသား ကျား ၆ ဦးနှင့် မ ၁ ဦး၊ ဗီယက်နမ်နိုင်ငံသား မ ၁ ဦး၊ ပေါင်း ၈ ဦးကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ကလောမြို့ဝင်တိုးဂိတ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် နိုဝင်ဘာ ၈ ရက် နံနက် ၇ နာရီခန့်တွင် တရားမဝင် တရုတ်နိုင်ငံသား ကျား ၇ ဦးကို ဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖမ်းဆီးရမိသူများအား ကနဦး စစ်ဆေးချက်အရ ၎င်းတို့သည် မြန်မာနိုင်ငံအတွင်း၌ Online မှတစ်ဆင့် ငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ ပြုလုပ်ရန်အတွက် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေဖော်ထုတ်ဖမ်းဆီးနေကြောင်း သိရှိရသဖြင့် ကျေးရွာများသို့ သွားရောက်၍ ခေတ္တပုန်းခိုနေထိုင်နေခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ Online ငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများတွင် ပါဝင်ပတ်သက်လျက်ရှိသည့် ဖမ်းဆီးရမိတရားခံ တရုတ်နိုင်ငံသား ၂၇၀၊ မလေးရှားနိုင်ငံသား ၂ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁ ဦးနှင့် မြန်မာနိုင်ငံသား ၁၃ ဦး၊ စုစုပေါင်း ၂၈၆ ဦးတို့အား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း Online ငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် ပါဝင်ပတ်သက်သူများအား သိရှိရပါက သက်ဆိုင်ရာ လုံခြုံရေး အဖွဲ့အစည်းများထံ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**ဖမ်းဆီးထိန်းသိမ်း**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းရပ်ကွက်နေသူများဖြစ်ကြသည့် “Wa Na” Facebook အကောင့် ပိုင်ရှင်ဖြစ်သူ ဝဏ္ဏထွန်း(ခ)ဝဏ္ဏနှင့် “Ohmar Htwe” Facebook အကောင့် ပိုင်ရှင်ဖြစ်သူ ဥမ္မာထွေး (ခ) အေးချမ်းတို့အား နံနက် ၁၁ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “Sai Aww” Tiktok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်နေ စောနိုင်ဦး(ခ)မီးသတ်အား မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

**ထိရောက်စွာအရေးယူသွားမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ ငွေကျပ်သိန်း ၂၈၀၀ ကျော်တန်ဖိုးရှိ တရားမဝင်သယ်ဆောင်လာသည့် ဓာတုပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ ငွေကျပ်သိန်း ၂၈၀၀ ကျော်တန်ဖိုးရှိ တရားမဝင် သယ်ဆောင်လာသည့် ဓာတုပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၀ ရက် ည ၉ နာရီက မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ထုံးဘိုကျေးရွာအနီးတွင် မြစ်ငယ်မှ အုန်းချောဘက်သို့ ဇင်မင်းထွန်း မောင်းနှင်လာသော Nissan Diesel ၁၂ ဘီးယာဉ်နှင့် ချမ်းသူ မောင်းနှင်၍ ထွန်းလင်း လိုက်ပါလာသော Hino Profia ယာဉ်တို့ကို သတင်းအရရှာဖွေရာ အဆိုပါ ယာဉ်နှစ်စီးပေါ်တွင် ပီပါ ၁၄၂ လုံး၊ ပလတ်စတစ်ကော်ပုံး ၃၆ ပုံး တို့ဖြင့်ထည့်လျက် တရားမဝင် သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် သိန်း ၂၈၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း Hydrochloric Acid လီတာ ၃၆၀၊ Sulphuric Acid လီတာ ၇၂၀ နှင့် အခြားဓာတုပစ္စည်းများဖြစ်သည့် Benzene လီတာ ၁၃၆၈၀၊ Ethyl Acetate လီတာ ၁၁၅၂၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဓာတုပစ္စည်းများအား မန္တလေးတိုင်းဒေသကြီးမှ ရှမ်းပြည်နယ်သို့ မူးယစ်ဆေးဝါး ထုတ်လုပ်ရန် သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများ၊ အခြားဓာတုပစ္စည်းများ။

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားမိဘပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုများ အဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် အထူးရထားခရီးစဉ်များပြေးဆွဲပေးသွားမည်

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားသည် တန်ဆောင်တိုင်ရုံးပိတ်ရက် ကာလအတွင်း ခရီးသွားမိဘပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် နေပြည်တော်-ရန်ကုန်-နေပြည်တော်၊ ရန်ကုန်-မော်လမြိုင်-ရန်ကုန်နှင့် ရန်ကုန်- ပြည်-ရန်ကုန် ခရီးစဉ်များကို အောက်ဖော်ပြပါ နေ့ရက်/ အချိန်များအတိုင်း အစုန်/အဆန် အထူးရထားများပြေးဆွဲပေးသွားမည်ဖြစ်ပါသည်-



| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၂၄.၁၁.၂၀၂၃ | အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၈:၃၀ | ၀၇:၃၀ |
| ၂ | ၂၄.၁၁.၂၀၂၃ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၃ | ၂၄.၁၁.၂၀၂၃ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၄ | ၂၄.၁၁.၂၀၂၃ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇:၄၅ | ၁၇:၄၅ |
| ၅ | ၂၄.၁၁.၂၀၂၃ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၅ | ၁၉:၁၀ |
| ၆ | ၂၅.၁၁.၂၀၂၃ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇:၄၅ | ၁၇:၄၅ |
| ၇ | ၂၅.၁၁.၂၀၂၃ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၅ | ၁၉:၁၀ |
| ၈ | ၂၅.၁၁.၂၀၂၃ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၉ | ၂၅.၁၁.၂၀၂၃ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၁၀ | ၂၆.၁၁.၂၀၂၃ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇:၄၅ | ၁၇:၄၅ |
| ၁၁ | ၂၆.၁၁.၂၀၂၃ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၅ | ၁၉:၁၀ |
| ၁၂ | ၂၆.၁၁.၂၀၂၃ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၁၃ | ၂၆.၁၁.၂၀၂၃ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၁၄ | ၂၇.၁၁.၂၀၂၃ | အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၁၈:၃၀ | ၀၇:၃၀ |
| ၁၅ | ၂၇.၁၁.၂၀၂၃ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၁၆ | ၂၇.၁၁.၂၀၂၃ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၁၇ | ၂၇.၁၁.၂၀၂၃ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇:၄၅ | ၁၇:၄၅ |
| ၁၈ | ၂၇.၁၁.၂၀၂၃ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၅ | ၁၉:၁၀ |

အထက်ပါ ခရီးစဉ်များအတွက် အထက်တန်းလက်မှတ်အား(၃)ရက် ကြိုတင်၍ လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်အား(၁)ရက်ကြိုတင်၍လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ရထားစီးခရီးသွား မိဘပြည်သူများ၊ ဝန်ထမ်းများနှင့်မိသားစုများအနေဖြင့် ကြိုတင်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# သဃ်န်းကျွန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် (၂၅) နှစ်နှင့်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီက တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၀) ရပ်ကွက် သုမင်္ဂလာလမ်း ပဒေသာအားကစားကွင်း၌ ဗိုလ်လုပွဲအဖြစ် တောင်ဥက္ကလာပမြို့နယ် အသင်းနှင့် သင်္ဃန်းကျွန်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တောင်ဥက္ကလာပမြို့နယ် အသင်းက သင်္ဃန်းကျွန်းမြို့နယ်အသင်းကို ငါးဂိုး - သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



ပထမဆုရ တောင်ဥက္ကလာပမြို့နယ်အသင်းအား သင်္ဃန်းကျွန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးလွင်က ဆုဖလားကို ချီးမြှင့်ပေးပြီး(**အပေါ်ပုံ**) ဒုတိယဆုရ သင်္ဃန်းကျွန်းမြို့နယ် အသင်းအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး သက်တင်အောင်က လည်းကောင်း၊ တတိယဆုရ တာမွေမြို့နယ်အသင်းအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုရဲမှူးကြီး လှသိန်းက လည်းကောင်း၊ နှစ်သိမ့်ဆုရ ရန်ကင်းမြို့နယ်အသင်းအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးသောင်းလွင်က လည်းကောင်း ဆုဖလားနှင့် ဆုတံဆိပ်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြစ်သားမြို့ရှိ ပန်းလောင်မြစ်အတွင်း ငါးကောင်ရေ သုံးသိန်းတစ်သောင်းမျိုးစိုက်ထည့်

**မန္တလေး နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ သဘာဝမြစ်ချောင်းအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဒေသခံပြည်သူများ ငါးရိက္ခာကို ပိုမိုရရှိစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့အတွက် ကျောက်ဆည်ခရိုင် မြစ်သားမြို့ရှိ ပန်းလောင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၅ ရက်က မောင်းကွေးကျေးရွာ ပန်းလောင်မြစ်အနီး၌ ကျင်းပသည်။

**ငါးမျိုးစိုက်ထည့်**

အဆိုပါ အခမ်းအနားသို့ ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ဝင်း၊ မြစ်သားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးခိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကူမဲငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစောအောင်ကိုလတ်နှင့် ဝန်ထမ်းများက ငါးမြစ်ချင်းကောင်ရေ တစ်သိန်းငါးသောင်း၊ ငါးခုံးမကြီးကောင်ရေတစ်သိန်းခြောက်သောင်း စုစုပေါင်း ငါးကောင်ရေ သုံးသိန်းတစ်သောင်းကို ပန်းလောင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ဆိုင်ကလုန်းမုန်တိုင်း "မစ်ဟီလီ" သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို ခီပူပါရာမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။

**နောက် ၁၈ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါဆိုင်ကလုန်းမုန်တိုင်း "မစ်ဟီလီ"သည် မြောက်- အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ ၁၈ နာရီအတွင်း ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရပါသည်။

**သတိပေးနှိုးဆော်ချက်**

ဆိုင်ကလုန်းမုန်တိုင်း "မစ်ဟီလီ" ၏ အရှိန်ကြောင့် ယနေ့ညမှ နောက် ၂၄ နာရီအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်ဟု ခန့်မှန်းရသည်။ သို့ဖြစ်ပါ၍ ယနေ့ညမှ နောက် ၂၄ နာရီအတွင်း ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းများကျရောက်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း "မစ်ဟီလီ" ၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

❑ *ကျောဖုံးမှ*

ဒုတိယပိုင်း ပွဲချိန်အတွင်း ဘရာဇီးအသင်းဘက်သို့ သွင်းဂိုးနှစ်ဂိုး ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ဘရာဇီးအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို မာတင်နယ်လီက သွင်းယူပေးခဲ့သည်။

ဘရာဇီးအသင်းသည် ယခုပွဲစဉ်မတိုင်မီ ကစားခဲ့သည့် ဥရုဂွေးအသင်းနှင့်ပွဲစဉ်တွင်လည်း နှစ်ဂိုးပြတ် ရှုံးနိမ့်ထားသည်။ ကိုလံဘီယာအသင်းသည် ယခုပွဲစဉ် အနိုင်ရရှိခဲ့သည့်အတွက် ငါးပွဲကစားပြီး ရမှတ် ကိုးမှတ်ဖြင့် အဆင့် (၃) နေရာအထိ တက်လှမ်းနိုင်ခဲ့သည်။

ပြိုင်ဘက် ဘရာဇီးအသင်းက ငါးပွဲ ကစားပြီး ရမှတ်ခုနစ်မှတ်ဖြင့် အဆင့် (၅) အထိ ကျဆင်းသွားခဲ့သည်။ ဘရာဇီးအသင်းသည် လာမည့် နိုဝင်ဘာ ၂၂ ရက်တွင် ကမ္ဘာ့ဖလားချန်ပီယံ အာဂျင်တီးနားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အာဂျင်တီးနား အသင်းသည်လည်း နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ဥရုဂွေးအသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုးပြတ်ရှုံးနိမ့်ထားသည်။

**အောင်ဇော်**

# ဂါဇာဒေသဆေးရုံများအတွက် ဂျော်ဒန်နိုင်ငံက ထောက်ပံ့ရေးလေယာဉ်များကို အီဂျစ်သို့စေလွှတ်

**အမ္မန် နိုဝင်ဘာ ၁၇**

ဆေးဘက်ဆိုင်ရာ ထောက်ပံ့ရေး ပစ္စည်းများ ၄၅ တန် တင်ဆောင်လာသည့် နောက်ထပ်ထောက်ပံ့ရေး လေယာဉ်တစ်စင်းကို ဂျော်ဒန် ပရဟိတအဖွဲ့အစည်းက နိုဝင်ဘာ ၁၆ ရက်တွင် အီဂျစ်သို့စေလွှတ် ခဲ့သည်။

အဆိုပါ ဆေးထောက်ပံ့ရေး ပစ္စည်းများဖြင့် ဂါဇာကမ်းမြောင်ဒေသရှိ ဆေးရုံများကို ကူညီထောက်ပံ့ပေးသွားမည် ဖြစ်သည်။ အဆိုပါ လေယာဉ်မှာ ဂျော်ဒန်နိုင်ငံမှ စေလွှတ်သည့် ခြောက်စင်းမြောက် ကူညီထောက်ပံ့ရေး လေယာဉ်ဖြစ်ကြောင်း ဂါဇာဒေသရှိဆေးရုံများ ကူညီထောက်ပံ့မှု ရရှိစေရေး ပေးပို့ခြင်းဖြစ်သည်ဟု ပရဟိတအဖွဲ့ အထွေထွေအတွင်းရေးမှူး ဟူစိန်အယ်ရှီဘာလီက ပြောသည်။



ဆေးဘက်ဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသည့်လေယာဉ်ကို တွေ့ရစဉ်။

ဆေးထောက်ပံ့ရေး ပစ္စည်းများကို ကုလသမဂ္ဂ သက်သာချောင်ချိရေးနှင့် အလုပ်သမားအေဂျင်စီနှင့် ပူးပေါင်းကာ ပြင်ဆင်ထားခြင်းဖြစ်ပြီး ရာဖာဖြတ်သန်းရေးဂိတ်မှ တစ်ဆင့် ဂါဇာဒေသသို့ ပေးပို့မည်ဖြစ်သည်ဟု ၎င်းက ဆက်ပြောသည်။

ဂျော်ဒန်နိုင်ငံမှ အာဏာပိုင်များနှင့် ခေါင်းဆောင်များသည် ဂါဇာဒေသ ထောက်ပံ့ရေးများ ဆက်လက်ပြုလုပ်နိုင်ရေး အစွမ်းကုန်ကြိုးပမ်း အားထုတ်နေကြသည်ဟု ၎င်းက ဆက်ပြောသည်။ **ဆင်ဟွာ**

# အနောက်ဩစတြေးလျပြည်နယ်တွင် ကိုဗစ် – ၁၉ ဖြစ်ပွားမှုများပြားလာသည့်အတွက် နှာခေါင်းစည်းဝတ်ဆင်ရန် လုပ်ဆောင်မည်

**ဆစ်ဒနီ နိုဝင်ဘာ ၁၇**

အနောက်ဩစတြေးလျ ပြည်နယ်တစ်လွှား ကိုဗစ် –၁၉ ကူးစက်မှုများပြားလာသည့်အတွက် နိုဝင်ဘာ ၁၇ ရက်တွင် ပါးစပ်နှာခေါင်းစည်းဝတ်ဆင်မှုများကိုအားကောင်းလာအောင် လုပ်ဆောင်ပြုလုပ်သွားမည်ဟု ပြည်နယ်ကျန်းမာရေးဌာနက ပြောသည်။

သွေးရောဂါဗေဒ၊ ကင်ဆာရောဂါဗေဒ၊ ကိုယ်တွင်းအင်္ဂါအစားထိုးကုသခြင်းနှင့် ကျောက်ကပ်ဆေးစစ်သည့်ဌာန အပါအဝင် ရောဂါကူးစက်နိုင်မှုမြင့်မားသည့်နေရာများတွင် အလုပ်လုပ်ကိုင်နေကြသော ဝန်ထမ်းများနှင့်လူနာများ နိုဝင်ဘာ ၂၀ ရက်မှစတင်ကာ ပါးစပ်နှာခေါင်းစည်း ဝတ်ဆင်ရမည် ဖြစ်သည်ဟု ပြည်နယ်ကျန်းမာရေးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

နိုဝင်ဘာ ၆ ရက်မှ နိုဝင်ဘာ ၁၂ ရက်အထိ အနောက်ဩစတြေးလျပြည်နယ်တွင် ကိုဗစ် –၁၉ ကူးစက်ခံရသူ ၅၃၁ ဦးရှိပြီး ပြီးခဲ့သည့်သီတင်းပတ်နှင့် နှိုင်းယှဉ်လျှင် ၁၄ ရာခိုင်နှုန်း များလာသည်ဟု နောက်ဆုံးကောက်ယူထားသည့် အချက်အလက်များအရ သိရသည်။



စက်တင်ဘာလ အစောပိုင်းမှစတင်ကာ ကိုဗစ် – ၁၉ ကူးစက်မှုများပြားလာခြင်း ဖြစ်သည်ဟု ပြည်နယ်ကျန်းမာရေးအကြီးအကဲ အန်ဒီ ရောဘတ်ဆန်က ပြောသည်။

ဩစတြေးလျရှိ အခြားသောပြည်နယ်များတွင်လည်း ကိုဗစ် –၁၉ ကူးစက်မှုများအတွက် သတိပေးချက်ထုတ်ပြန်ထားသည်။

ဩစတြေးလျရှိ လူဦးရေအထူထပ်ဆုံး ပြည်နယ်ဖြစ်သည့် နယူးဆောက်ဝေးပြည်နယ်တွင်လည်း ကိုဗစ် –၁၉ ကူးစက်မှုများကို တွေ့ရှိလာရသည်။ **ဆင်ဟွာ**

# ဆိုမာလီယာနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်း၊ လူ ၅၀ ထက်မနည်းသေဆုံး

**မိုဂါဒစ်ရှူး နိုဝင်ဘာ ၁၇**

ဆိုမာလီယာနိုင်ငံတွင် အောက်တိုဘာလအစောပိုင်းမှ စတင်ကာ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမှုများကြောင့် လူ ၅၀ ထက်မနည်း သေဆုံးလျက်ရှိသည်။ ဆိုမာလီယာနိုင်ငံသားသန်းထက်ဝက်ကျော်မှာလည်း နေရာပြောင်းရွှေ့ ခဲ့ရကြောင်း နိုင်ငံ၏ အမျိုးသားဘေးအန္တရာယ်ဆိုင်ရာအေဂျင်စီက ပြောကြားသည်။



မိုဂါဒစ်ရှူးမြို့၌ ရေကြီးနေမှုကို နိုဝင်ဘာ ၁၁ ရက်က တွေ့ရစဉ်။

မိုးသည်းထန်စွာရွာသွန်းမှုမျ၀၁းကြောင့် မြေပြိုမှုများနှင့် ရုတ်တရက် ရေကြီးမှုတို့ဖြစ်ပေါ်ခဲ့ရာ သီးနှံစိုက်ခင်းများနှင့် တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးခဲ့ကြောင်း နိုင်ငံ၏ အမျိုးသားဘေးအန္တရာယ်ဆိုင်ရာ အေဂျင်စီက ပြောကြားသည်။

မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုများကြောင့် လူပေါင်း ၁ ဒသမ ၂၄ သန်းမှာ ရေဘေးသင့်ခဲ့ကြောင်း ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ပြောသည်။ **ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ပြင်းအား ၇ ဒသမ ၂ ရှိ ငလျင်လှုပ်

**မနီလာ နိုဝင်ဘာ ၁၇**

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း ဒါဗို အောက်စီဒန်တယ် ပြည်နယ်တွင် ပြင်းအား ၇ ဒသမ ၂ အဆင့်ရှိ ကမ်းလွန်ငလျင်တစ်ခု လှုပ်ခဲ့သည်ဟု ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒအင်စတီကျုက ပြောသည်။

ညနေ ၄ နာရီ ၁၄ မိနစ်တွင် ငလျင်လှုပ်ခဲ့ခြင်းဖြစ်ပြီး ငလျင်၏ အနက်မှာ ၁၀ ကီလိုမီတာရှိသည်ဟုအင်စတီကျုကပြောသည်။ အဆိုပါငလျင်ကြောင့် နောက်ဆက်တွဲငလျင်ငယ်များ ဖြစ်ပေါ်လာနိုင်ပြီး ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်နိုင်သည်ဟု အင်စတီကျုက ပြောသည်။

ဆူနာမီအန္တရာယ်ခြိမ်းခြောက်မှုမရှိသော်လည်း အနီးအနားရှိ မင်ဒါနာအိုကျွန်း ဧရိယာတစ်ဝိုက်တွင်ပါ ပြင်းထန်စွာငလျင်လှုပ်မှုဒဏ်ကို ခံစားရသည်။

ပြင်းထန်သောတုန်ခါမှုကြောင့် စင်များပေါ်တင်ထားသည့် ပစ္စည်းများလှုပ်ခါခဲ့ပြီး စာသင်ကျောင်းများ၊ နေအိမ်များနှင့်အဆောက်အအုံများတွင် နေထိုင်နေကြသည့်လူများ ကြောက်လန့်တကြားဖြစ်ခဲ့ကြရသည်။ အပျက်အစီးစာရင်းကို ဒေသခံအာဏာပိုင်များက စောင့်ကြည့်လျက်ရှိသည်။ ပျက်စီးဆုံးရှုံးမှုများနှင့် သေဆုံးသူရှိ မရှိ မသိရသေးချေ။ **ဆင်ဟွာ**



# တူရကီယဲနိုင်ငံ အစ္စတန်ဘူလ်၌ ရဲတပ်ဖွဲ့က အိုင်အက်စ်သံသယရှိသူ ၁၇ ဦးကို ဖမ်းဆီး

**အစ္စတန်ဘူလ် နိုဝင်ဘာ ၁၇**

တူရကီယဲအကြမ်းဖက်နှိမ်နင်းရေးရဲတပ်ဖွဲ့သည် အစ္စတန်ဘူလ်၌ စစ်ဆင်ရေးဆောင်ရွက်နေစဉ်အတွင်း အစ္စလာမ္မစ်စစ်သွေးကြွ (အိုင်အက်စ်)အုပ်စုနှင့် ဆက်နွှယ်နေသည့် သံသယရှိသူ ၁၇ ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း Ihlas သတင်းအေဂျင်စီက နိုဝင်ဘာ ၁၇ ရက်တွင် ထုတ်ပြန်ထားသည်။

အစွန်းရောက်ဝါဒီ အိုင်အက်စ်နှင့် ဆက်နွှယ်သည်ဟု သံသယရှိသည့် နိုင်ငံခြားသားများကို ပစ်မှတ်ထားပြီး ခရိုင်ကိုးခုတွင် စီးနင်းတိုက်ခိုက်ခြင်းများ လုပ်ဆောင်ခဲ့ကြောင်း အဆိုပါသတင်းအေဂျင်စီက ပြောကြားသည်။ ရဲတပ်ဖွဲ့က သံသယရှိသူ ၁၇ ဦးကို ဖမ်းဆီးခဲ့ပြီး စာရွက်စာတမ်းအများအပြားနှင့် ဒစ်ဂျစ်တယ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တူရကီယဲသည် အိုင်အက်စ်အဖွဲ့ကို အကြမ်းဖက်အုပ်စုအဖြစ် ၂၀၁၃ ခုနှစ်က သတ်မှတ်ခဲ့ပြီး အဆိုပါအဖွဲ့က အကြိမ်ပေါင်းများစွာ တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# စက်တင်ဘာလအတွင်း အီတလီနိုင်ငံ၏ ကုန်သွယ်မှုကျဆင်း

**ရောမ နိုဝင်ဘာ ၁၇**

အီတလီနိုင်ငံ၏ စီးပွားရေးဆက်လက်နှေးကွေးလာသဖြင့် စက်တင်ဘာလအတွင်း နိုင်ငံခြားကုန်သွယ်မှုကျဆင်းလာကြောင်း နိုင်ငံ၏ အမျိုးသားစာရင်းအင်းဌာနက နိုဝင်ဘာ ၁၆ ရက်က ပြောကြားသည်။

စက်တင်ဘာလအတွင်း ပို့ကုန် ၄ ဒသမ ၅ ရာခိုင်နှုန်းနှင့် သွင်းကုန် ၃ ဒသမ ၁ ရာခိုင်နှုန်း အသီးသီးကျဆင်းလာကြောင်း နိုင်ငံ၏အမျိုးသားစာရင်းအင်းဌာနက သတင်းထုတ်ပြန်ချက်တွင် ပြောကြားသည်။

စီးပွားရေးကဏ္ဍအများစုတွင် သတ္တုနှင့်သတ္တုထွက်ကုန်များမှာ ၁၉ ဒသမ ၄ ရာခိုင်နှုန်း၊ ဓာတုပစ္စည်းများတွင် ၁၃ ဒသမ ၇ ရာခိုင်နှုန်းနှင့် သားရေပစ္စည်းများတွင် ၁၄ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ အီတလီနိုင်ငံ၏ ကုန်သွယ်မှုမှာ အမေရိကန်နှင့် ၁၁ ဒသမ ၉ ရာခိုင်နှုန်း၊ ဗြိတိန်နှင့် ၁၁ ဒသမ ၄ ရာခိုင်နှုန်း လျော့နည်းသွားကြောင်း သိရသည်။ **ဆင်ဟွာ**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ကျောက်ဖြူမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ၊ ကြံခင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၇**

ကမ်းရိုးတန်းဒေသ တစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့ရှိ Students Hostel ၌ အခြေပြု၍ ကျောက်ဖြူမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့် အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၃၁၄ ဦး၊ ခွဲစိတ်ရောဂါ ၃၀ ၊ သားဖွား၊ မီးယပ်ရောဂါ ၂၅ ဦး၊ ကလေးရောဂါ ၃၂ ဦး၊ အရိုးရောဂါ ၁၀၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၈ ဦး၊ မျက်စိရောဂါ ၁၃၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၇၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ၁၅ ဦး၊ ဓာတ်မှန်ရိုက်လူနာ ရှစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၆ ဦး စုစုပေါင်း ၇၆၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူနှစ်ဦးကို နီးစပ်ရာတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးကာ မျက်စိခွဲစိတ်လူနာများအား မျက်မှန်များ တပ်ဆင်ပေးသည်။

အလားတူ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ် (စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဆိပ်သာကျေးရွာ ဆိပ်ကမ်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ကြံခင်းမြို့နယ် ဆိပ်သာကျေးရွာရှိ ဆိပ်သာတိုက်နယ်ဆေးရုံ၌ အခြေပြု၍ ကြံခင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကု ဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၁၅၁ ဦး၊ ခွဲစိတ်ရောဂါ ကိုးဦး၊ သားဖွား၊ မီးယပ်ရောဂါ ခြောက်ဦး၊ ကလေးရောဂါ ခြောက်ဦး၊ အရိုးရောဂါ ၆၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၇ ဦး၊ မျက်စိရောဂါ ၈၅ ဦးနှင့် သွားရောဂါ ကိုးဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက် ပေးသည်။ ထို့အပြင် အထွေထွေ ခွဲစိတ်လူနာ သုံးဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၁၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၂ ဦး စုစုပေါင်း ၃၅၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို နယ်မြေခံတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလို ကြားသိခဲ့ရပါသည်-

**ဦးညီညီ**

**စံပြရပ်ကွက်၊ ကျောက်ဖြူမြို့**

တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့ ရောက်လာတာသိလို့ ကျွန်တော်လာရောက်ပြသပြီး မျက်စိခွဲစိတ်ကုသရတာဝမ်းသာပါတယ်။ မျက်စိက ၁၀ နှစ်ကျော်လောက်ရှိပါပြီ။ မမြင်ရပါဘူး။ ဝါးနေတာ။ အိမ်မှာပဲ သွားလိုက်၊ လာလိုက်၊ ချက်လိုက်နဲ့ နေနေရတာပါ။ ကျွန်တော့်ရဲ့ အားနည်းချက်ပါပဲ။ မျက်စိကလည်း အလင်းရောင်ကလည်း မကောင်း၊ ပတ်ဝန်းကျင်က အပေါင်းအသင်း တွေကလည်း လှောင်ပြောင်မှုတွေရှိလာပါတယ်။ ပိုပြီး ခံစားရပါတယ်။ အခုလို တပ်မတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေအားလုံး ကျွန်တော်တို့ကို အခမဲ့ဆေးကုသခွင့် ရရှိအောင် ဖန်တီးပြုစုပေးရာမှာ ကျွန်တော် ပါဝင်ကုသခွင့်ရတဲ့အတွက် အထူးပဲ ကျေးဇူးတင်ရှိပါတယ်လို့ ပြောကြားလိုပါတယ်။ အခုလိုဆေးကုသခွင့်ရတဲ့အတွက်ကြောင့် မျက်စိဖွင့်တဲ့အခါမှာ ကျွန်တော့်မျက်စိ အလင်းရောင်ဟာ နဂိုအတိုင်း ပြန်ရလာမယ်လို့ သိတဲ့အတွက်ကြောင့် အလွန်ပဲ ဝမ်းသာမိပါတယ်။

**ဒေါ်မြွေး**

**မဲကုန်းကျေးရွာ၊ ကြံခင်းမြို့**

အရိုးအကြော လာရောက်ပြသတာပါ။ ရောဂါဖြစ်တာ၂ နှစ်၊ ၃နှစ်လောက်ရှိပါပြီ။ အခုကျတော့ ခြေထောက်တွေ ကိုက်ပါများလာတော့ ထုံလာတာပေါ့။ ဒီကို တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့ လာတယ်ဆိုတော့ လာရောက်ပြသတာပါ။ ပထမပိုင်းကတည်းက တာဝန်ရှိသူတွေက တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့ လာမယ်လို့ ကြိုပြောထားပါတယ်။ လာရောက်ကုသတော့လည်း ကားတွေအကုန်စီစဉ်ပေးပါတယ်။ ဆရာဝန်က ဆေးလည်း ထိုးပေးပါတယ်။ သောက်ဆေးလည်း ပေးပါတယ်။ ညွှန်ကြားချက်တွေလည်း ပေးပါတယ်။ ကုန်ကျစရိတ်ကတော့ လုံးဝမရှိပါဘူး။ အပြင်မှာတော့ ကုန်တာပေါ့။ ဆေးထိုးတယ်။ သောက်ဆေးပေးလည်း ကုန်တာပေါ့။ ဒီမှာက လုံးဝမရှိပါဘူး။ ဝမ်းသာပါတယ်။ အခုလိုမျိုး လာရောက်ပြီး လူမျိုးမရွေး လာရောက် ကုသပေးတဲ့အတွက် အကုန်လုံး တပ်မတော်နယ်လှည့် ဆေးကုသရေးနဲ့ နိုင်ငံတော် အကြီးအကဲတွေ အားလုံးကို ကျေးဇူးတင်ဝမ်းသာပါတယ်။

**သတင်းစဉ်**





ဦးညီညီ



ဒေါ်မြွေး

# ဒက္ခိဏသီရိမြို့နယ်၌ စတုတ္ထနေ့အဖြစ် မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် MEVM စက်ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများကို မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်း တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဒက္ခိဏသီရိမြို့နယ်၌ စတုတ္ထနေ့အဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ဆောင်ရွက်ခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီတို့မှ ကိုယ်စားလှယ်များ၊ ဒိုးနွယ်ကျေးရွာအုပ်စု၊ ကူနစ်လုံးဆည်စုကျေးရွာအုပ်စုနှင့် ရွှေခဲအင်းကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးအောင်စိုးဝင်းနှင့် တာဝန်ရှိသူများက MEVM စက် တည်ဆောက်ပုံ၊ အသုံးပြုပုံ နည်းလမ်းများနှင့် စက်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို မဲဆန္ဒရှင်ပြည်သူများ စနစ်တကျ သိရှိနားလည်ပြီး ကောင်းမွန်စွာ အသုံးပြုဆောင်ရွက်နိုင်သည်အထိ ရှင်းလင်းကာ လက်တွေ့သရုပ်ပြသကြသည်။



ထို့နောက် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ရာ မဲဆန္ဒရှင်ပြည်သူများက မဲပေးစက်၏ ထိန်းချုပ်စက် (Control Unit) ကို စနစ်တကျ ကိုင်တွယ်နိုင်ပြီး မဲပေးစက်မှ ထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များ တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန် မမှန် စိစစ်ခြင်းတို့ကို ကိုယ်တိုင် ကိုယ်ကျ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "မစ်ဟီလီ"သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို ခီပူပါရာမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# ဘယ်တော့မှမရိုင်းတဲ့ မြန်မာ့သမိုင်း . . .

စွမ်းပြည့်

တရုတ်– မြန်မာဆက်ဆံရေးက သမိုင်းနှင့်ချီသည့် အစဉ်အဆက် ချစ်ကြည်ရေးကို တည်ဆောက်ပြီးသားဖြစ်သည်။ ခေါင်းဆောင်များအကြား အစိုးရချင်း၊ ပြည်သူချင်း၊ တပ်မတော်နှစ်ရပ်အကြား နားလည်မှု၊ ချစ်ကြည်မှု ပိုမိုခိုင်မာလာအောင် အမြော်အမြင်ရှိရှိ ကြိုးစားတည်ဆောက်ထားပြီး ဖြစ်သည်။ မကြာမီရက်များအတွင်းက အချို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ ပြည်ဖျက်မီဒီယာများက ကောလာဟလများဖန်တီးပြီး နှစ်နိုင်ငံ ချစ်ကြည်ရေးပျက်ပြားအောင် လုပ်ဆောင်လာကြရာတွင် နည်းပညာဆိုင်ရာ အားနည်းချက်အချို့ကို အခွင့်ကောင်းယူ၍ နိုင်ငံရေးအရ အမြတ်ထုတ်၊ အချုပ်အခြာ ကျိုးပေါက်အောင် ချိုးဖျက်မှုများကို ယနေ့မြန်မာ့တပ်မတော်နှင့် မြန်မာပြည်သူများ ရင်ဆိုင်နေရသည်။ သတင်းတု၊ သတင်းမှားများအောက်မှာ အောက်တန်းကျစွာဖြင့် နှစ်ဖက်ပြည်သူများအကြား ထင်ယောင်ထင်မှားဖြစ်အောင် လုပ်လာကြသည်ကိုတွေ့ရသည်။



### တိုင်းပြည်ပြိုကွဲမှု အဖြစ်မခံနိုင်

ယခုအချိန်တွင် မြန်မာပြည်သူ၊ တိုင်းရင်းသား အပေါင်းလိုလားသည်က တပ်မတော်နှင့် ရန်သူ၊ ပြည်သူနှင့် အကြမ်းဖက်အကြား ပြတ်ပြတ်သားသား ရန်/ငါ စည်းပြတ်ရန်အချိန်တန်ပြီဟု ယူဆချက်ဖြစ်သည်။ ထိုယူဆချက်နှင့်အတူ အကြမ်းဖက် ရန်သူများအပေါ် အပြင်းထန်ဆုံး ဒဏ်ခတ်ချေမှုန်းရန်သာ ရှိပါတော့သည်။ သို့မဟုတ်လျှင် တိုင်းပြည် အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားနိုင်သည်။ ပြည်ထောင်စုကြီး ပြိုကွဲသွားနိုင်သည်။ အချုပ်အခြာအာဏာ ထိပါးသွားနိုင်သည့် အန္တရာယ်ရှိနေသည်။

### ကမ်းကုန်အောင်ရက်စက်ယုတ်မာမှုများ

တိုင်းပြည်နှင့်ပြည်သူပြည်သားများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးနှောင့်ယှက်နေသည်က ယနေ့ပြည်ပသြဇာခံ KIA နှင့်မြောက်ပိုင်း သုံးဖွဲ့ MNDA၊ TNLA၊ AA အကြမ်းဖက်အုပ်စုများဖြစ်သည်။ မူးယစ်ဆေးဝါးကုန်ကူးမှုဖြင့် ချမ်းသာလာကြသော ထိုအကြမ်းဖက်အုပ်စုများသည် မူးယစ်အရေးမှသည် အခြေအနေပေးလျှင် ပေးသလိုနိုင်ငံရေး လိုလားချက်များအထိ အမြတ်ထုတ်ချင်ပုံရသည်။ သူတို့ကြောင့် နိုင်ငံတော်၊ ပြည်သူနှင့် တိုင်းရင်းသားများကို ကာကွယ်စောင့်ရှောက်နေသော ပြည်ထောင်စုတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားပြည်သူ့စစ်များ၊ အပြစ်မဲ့ပြည်သူများစွာ အသက်ပေးကြရသည်။ အရှေ့မြောက်မှ စတင်သည့်ထင်မှတ်မထားသည့်ဓာတ်လမ်းမှ စစ်မျက်နှာဖွင့်၍ ရခိုင်၊ ချင်း၊ စစ်ကိုင်း၊ ကချင်အစပ်၊ ကယား၊ ကရင်၊ မွန်အစပ် နေရာအနှံ့ဖြန့်ကြက်ပြီး ပွဲလန့်ဖျာခင်း တိုက်ကွက်ဖော်၍ နည်းလမ်းစုံဖြင့် နေရာစုံမှ ဝင်ရောက် တိုက်ခိုက်ကြသည်။

ယုံကြည်မှုကို ကာလရှည်တည်ဆောက်နေကြသော်လည်း ထိုယုံကြည်မှုကို ပြန်လည် ချိုးဖောက်ကာ တိုင်းပြည်ကိုရောင်းစားရန် တာစူနေကြပေပြီ။ နှစ်နှင့်ချီ၍ တိုင်းပြည်ဘဏ္ဍာသိန်းချီ၊ သန်းချီ အကုန်ခံတည်ဆောက်ပေးထားသော လမ်း၊ တံတား၊ အခြေခံအဆောက်အအုံများ မိနစ်ပိုင်းအတွင်း မိုင်းထောင် ဖောက်ခွဲဖျက်ဆီးလိုက်ကြခြင်းဖြင့် လမ်းပန်းဆက်သွယ်ရေးများ အကြီးအကျယ်ရပ်တန့်ကုန်သည်။ ကုန်စည်ရောင်းဝယ်မှုများ နှောင့်နှေးကုန်သည်။ နေရာအနှံ့ ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ကြသည်။ အများပိုင်ဘဏ်တွေ ဖောက်ခားပြတိုက် လုယက်ကြသည်။ အကြီးမားဆုံးသော ပြစ်မှုများကို ကျူးလွန်ကြခြင်းပင်ဖြစ်တော့သည်။ တက္ကသိုလ်၊ ကောလိပ်များဝင်စီးပြီး ဆရာ ဆရာမများကို လူသားတံတိုင်းလုပ်၍ ဓားစာခံအဖြစ် ဖမ်းဆီးသည်။ စစ်ဖြစ်သည့်အခါ အပြစ်မဲ့ပြည်သူများခမျာ အသက်ကိုဖက်နှင့်ထုပ် ပြေးလွှားရှောင်တိမ်း စစ်ပြေးဒုက္ခသည် ဖြစ်ကြရသည်။ အပြစ်မဲ့ တိုင်းရင်းသားပြည်သူများကို ရက်ရက်စက်စက် သတ်ဖြတ်ကြသည်အထိ လက်ရဲဇက်ရဲကျူးလွန်ကြသည်။

### အဆုံးသတ်သင့်ပါပြီ သည်းခံခြင်းတရားများ

အသိတရား အလွန်ခေါင်းပါးသော လူယုတ်မာများပင်ဖြစ်တော့သည်။ ကမ္ဘာမှာ ဤသို့သော လက်နက်ကိုင်အကြမ်းဖက်တွေလောက် ယုတ်မာအောက်တန်းကျသော ပြည်ဖျက်မိစ္ဆာမျိုးရှိမည် မထင်ပါ။ ခွင့်လွှတ်နိုင်စရာမရှိသော ယုတ်မာမှုများအတွက် သည်းခံခြင်းများ အဆုံးသတ်ရန် အချိန်တန်ပြီဟု ယူဆပါသည်။ တပ်မတော်က ငြိမ်းချမ်းရေးကို ရှေးရှုသည်။ တပ်မတော်ခေါင်းဆောင်များက စည်းလုံးညီညွတ်ရေးအတွက် အကြိမ်ကြိမ်လက်တွဲခေါ်သည်။ ပြည်သူတွေက အေးချမ်းမှုကို မျှော်လင့်သည်။ သို့သော် တပ်မတော်၏ စေတနာကို သူတို့လျစ်လျူရှုသည်။ ပြည်သူတွေ၏ ဆန္ဒကို မထီမဲ့မြင်ပြုသည်။ တပ်မတော်ခေါင်းဆောင်များ၏ အပြုံးနှင့် ခွင့်လွှတ်မှုကို အမုန်းအာဃာတတို့နှင့် ဖုံးပြီး အပြုသဘောမှန်သမျှ အလွဲသုံးစားလုပ်ပစ်ကြသည်။

တိုင်းရင်းသားလူမျိုးပေါင်းစုံကို ကိုယ်စားပြုဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးက တိုင်းပြည်နေရာအနှံ့ တောချုံအုံကြားမကျန် ကိုယ့်တိုင်းရင်းသားသွေးချင်းများအတွက် အထူးကုပါရဂူ၊ ဆေးမှူး၊ သူနာပြု ဆေးဝါးအစုံ ကျန်းမာရေးစောင့်ရှောက်မှုများဖြင့် ထိထိရောက်ရောက်ကုသပေးသည်ကို ယနေ့တပ်မတော်ကို မုန်းတီးနေပါသည်ဆိုသော အချို့ပြည်ဖျက်မိစ္ဆာတွေ မြင်စေချင်သည်။

အဖျက်သမားနှင့်အပြုသမား၊ ရိုးသားသူနှင့်မရိုးသားသူ၊ သစ္စာရှိသူနှင့် လူယုတ်မာ၊ ဥပဒေသမားနှင့်ဥပဒေမရှိသူဟူ၍ ခွဲခြားမြင်နိုင်စွမ်းရှိကြသူတွေ များစွာရှိနေပါသေးသည်။ ထို့ကြောင့်လည်း တိုင်းပြည်နေရာအနှံ့က တပ်မတော်ထောက်ခံ ဆန္ဒပြပွဲများနှင့်အတူ ရှေ့တန်းရောက်တပ်မတော်သားများအတွက် စေတနာရှင်ပြည်သူများ၏ လိုအပ်သော လက်ဆောင်စားသောက်စရာများ၊ အားပေးချီးမြှင့်သော အဝေးရောက် စာလွှာများကို အဆက်မပြတ် ပေးပို့လက်ခံရရှိနေခြင်းဖြစ်သည်။ နွေးထွေးမှုမရှိ၊ အိပ်စက်ချိန်မရ၊ အသက်ကိုလောင်းကြေးထပ်၊ အကြမ်းဖက်လူ့မိစ္ဆာများနှင့် ရင်ဆိုင်နေရသော မျိုးချစ်တပ်မတော်သားများအတွက် လုပ်ကိုလုပ်ပေးရမည့်အရာများဖြစ်ပါသည်။

တိုင်းရင်းသား ပြည်သူလူထုကြီးအနေဖြင့် ထိုလူယုတ်မာ အကြမ်းဖက်သမားများ၏ လုပ်ရပ်နှင့် လုပ်ဇာတ်များကို ကွက်ကွက်ကွင်းကွင်း မြင်လာသိလာကြပြီဖြစ်သလို ယခုထက်ပို၍လည်း နားလည်သဘောပေါက်သင့်ပါပြီ။ ပြည်ထောင်စုကြီးအတွင်းရှိ မိမိတို့ တိုင်းရင်းသားများအချင်းချင်း သပ်လျှိုသွေးခွဲမှုများကို ခွင့်မပြုသင့်တော့သလို ဘေးအိမ်နီးချင်းနိုင်ငံများအကြား နားလည်မှု လွဲမှားအောင် ဆောင်ရွက်ချက်များကိုလည်း သတိထား ထိန်းသိမ်းကာကွယ်ရမည့် အနေအထားဖြစ်လာသည်။

ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပန်ဆင်ထားသူများအနေဖြင့် ဤမျှအောက်တန်းကျယုတ်မာသူတွေကို နေရာပေးလူရာသွင်းဖို့သင့်ပါရဲ့လား၊ စဉ်းစားချိန် တန်ပြီဟူ၍လည်း ယူဆပါသည်၊ မျက်နှာသာမပေးဘဲ အများအတွက်၊ နိုင်ငံတော်ကြီးအတွက် အဓိကပြတ်သားသင့်သည်ကို ပြတ်သားပြရမည်ပင်ဖြစ်သည်။

သို့သော် ပြည်သူတစ်ယောက်အနေဖြင့်မူ ယုံကြည်မှုများရှိဆဲဖြစ်ပါသည်။ မည်သို့မှ ဦးမညွတ်သည့် တပ်မတော်တစ်ရပ်ကို ဘယ်လိုရန်သူမျိုးကမှ အနိုင်မယူနိုင်ဘူးဆိုသည့် အချက်ပင်ဖြစ်သည်။ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံနေသရွေ့ ယနေ့တပ်မတော်ကို ဘယ်လိုမှဖြိုခွဲ၍မရနိုင်ပါ။ တပ်မတော်မပြိုကွဲသမျှ ပြည်ထောင်စုကြီးလည်း အစွန့်ရှည်တည်တံ့နေမည်သာဖြစ်သည်။

တစ်နိုင်ငံလုံး ၁၃၅ မျိုးသော ရှိသမျှလူမျိုးပေါင်းစုံအရေး၊ ဒေသတွင်းအခြေအနေ၊ နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံတကာဖိအားကို ချိန်ဆနေ၍သာ မျိုးဖျက်လူယုတ်မာများ ဤမျှသက်ဆိုးရှည်နေခြင်းဖြစ်သည်။

အဓိကအချက်က ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ပြည်တွင်းအင်အားကိုယ်ခိုင်ခိုင်မာမာ တည်ဆောက်ထားနိုင်ရေးပင်ဖြစ်သည်။ အရေးကြုံက ကိုယ့်အင်အားအစစ်သည်သာ စိတ်အချရဆုံးဖြစ်သည်။ အရေးကြီးဆုံးက သွေးမကွဲ၊ သွေးခွဲမခံဘဲ နိုင်ငံတော်ကို ချစ်သည့်စိတ်၊ တပ်မတော်ကိုချစ်သည့်စိတ်ဖြင့် အချင်းချင်းညီညွတ်နေရန်ဖြစ်ပြီး ရှေ့တန်းအစွန်အဖျားမှာ တိုက်ပွဲဝင်နေရသူမျိုးချစ်အားလုံးအပေါ် စိတ်ဓာတ်များတက်ကြွနေအောင် အားပေးလှုံ့ဆော်ကြရန်ပင်ဖြစ်ပါသည်။ ဒီအချိန်မှာ ရာထူးဆိုသောဂုဏ်ထက် အားလုံးတွင် စစ်သားစိတ်ရှိနေဖို့က ပို၍အရေးကြီးလာသည်။ ယခုစစ်ပွဲသည် အောင်မြင်မည့် စစ်၊ သေချာပေါက်အောင်နိုင်မည့် စစ်ဟူသော ယုံကြည်ချက်ဖြင့် ရှေ့တန်းမှ ကိုယ့်စစ်သည်တွေ တိုက်ချင်ခိုက်ချင်စိတ်ဖြစ်နေအောင် စိတ်ဓာတ်တက်ကြွနေအောင် နည်းလမ်းပေါင်းစုံဖြင့် အားပေးသင့်ပါသည်။ အနိုင်မရဘူးဟုထင်ခြင်းသည် အရှုံးပေးခြင်းပင်ဖြစ်သည်။

ယခုအရေးအခင်းမှာ တန်ပြန်လုပ်ဆောင်မှု၊ တန်ပြန်ချေမှုန်းမှုဆိုသည့် စာသားများအစား တန်ပြန်အမြစ်ဖြတ်မည်ဆိုသည့် စကားလုံးများကို အစားထိုး တွင်တွင်ကျယ်ကျယ် ကျင့်သုံးသင့်သည့် ကာလရောက်ပြီဟု ယူဆပါသည်။ ယခုအရေးကို တစ်မျိုးသားလုံး၏အမျိုးသားရေးပမာ သဘောထားသင့်ပါ၍ ပြတ်ပြတ်သားသား ကိုင်တွယ်ရန်ပင်ဖြစ်ပါသည်။ ရတနာသုံးပါးကိုလည်း ဘယ်တော့မှ မမေ့၊ မြန်မာ့သွေး မြန်မာ့ဂုဏ်သိက္ခာနှင့်အတူ ဘာသာသာသနာကို ကာကွယ်စောင့်ရှောက်နေခြင်းလည်းဖြစ်ပါသည်။

သို့သော် သေချာနေသည်တစ်ခုက ယခုဖြစ်စဉ်ကို သင်ခန်းစာယူရန်ပင်ဖြစ်သည်။ အနာဂတ်မှာ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးအနေဖြင့် ယခုထက်ပို၍သတိထားဖို့လိုမည်ဆိုသောအချက်နှင့်အတူ တရားမဲ့ပြုကျင့်၍ တရားမဝင်လက်နက်ကိုင်နေသော လူတန်းစားကို အမြစ်ဖြတ်သင့်ပြီဆိုသော ခံယူချက်မျိုးထားရှိရန်ပင်ဖြစ်ပါတော့သည်။ ။

- ❖ ယခုအရေးအခင်းမှာ တန်ပြန်လုပ်ဆောင်မှု၊ တန်ပြန်ချေမှုန်းမှုဆိုသည့် စာသားများအစား တန်ပြန်အမြစ်ဖြတ်မည်ဆိုသည့် စကားလုံးများကို အစားထိုး တွင်တွင်ကျယ်ကျယ် ကျင့်သုံးသင့်သည့် ကာလရောက်ပြီဟု ယူဆပါသည်။ ယခုအရေးကို တစ်မျိုးသားလုံး၏ အမျိုးသားရေးပမာ သဘောထားသင့်ပါ၍ ပြတ်ပြတ်သားသား ကိုင်တွယ်ရန်ပင် ဖြစ်ပါသည်။ ရတနာသုံးပါးကိုလည်း ဘယ်တော့မှမမေ့၊ မြန်မာ့သွေး မြန်မာ့ဂုဏ်သိက္ခာနှင့်အတူ ဘာသာသာသနာကို ကာကွယ်စောင့်ရှောက်နေခြင်းလည်းဖြစ်
- ❖ အနာဂတ်မှာ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးအနေဖြင့် ယခုထက်ပို၍ သတိထားဖို့ လိုမည်ဆိုသောအချက်နှင့်အတူ တရားမဲ့ပြုကျင့်၍ တရားမဝင်လက်နက်ကိုင်နေသော လူတန်းစားကို အမြစ်ဖြတ်သင့်ပြီ

## ကထိန်မာသ တန်ဆောင်မုန်းလ

* မိုးယွန်းဆောင်းဝင်၊ မင်းလွင်မြူဆိုင်း
ခြုံသိုင်းပတ်လည်၊ ဤရာသီဝယ်
မပီမိုးပေါက် ဆောင်းအရောက်မို့
နှင်းပေါက်မြည်သံ၊ နာတော်ခံရင်း
ဆင်ပန်မလွဲ၊ ခဝဲဝတ်မှုန်
သင်းပျံ့ထုံသည့် ဤရာသီ။

* ဤသည်ကာလ၊ ခါသမယတွင်
နွဲ့ကြတူတူ၊ မီးပုံးဖြူနီ
ဝါရွှေရည်ကို၊ စုံညီပစ်လွှတ်
မိုးထွတ်အာကာ၊ ဝတီသာမှ
စူဠာမဏိ၊ ဘုရားရှိရာ
ရည်ကာကော်ရော်၊ ပူဇော်ပသ
ပြုလုပ်ကြသည်၊ ရာသီဖြိုးစွာ
ကြတ္တိကာလျှင်၊ လနှင့်ယှဉ်၍
ဖြူစင်ဝင်းဝင်း၊ လှမြင်ကွင်းလျှင်
ထွန်းလင်းတောက်ပ သာသည့်ည။

* နတ်သားဝိနာယက၊ ခေါ်ကြတစ်မျိုး
ဗိသနိုးကို၊ ကြိုဆိုကြရင်း
ပျော်ပွဲကျင်းသည်၊ ပွဲခင်းဝတီသာ
ခေါ်ကာတစ်မျိုး၊ ကျီးမနိုးပွဲ
ဆင်နွှဲပျော်ကြ၊ ဤလတန်ဆောင်
စုံအောင်တန်ဖိုး၊ မသိုးသင်္ကန်း
ရက်လှူဒါန်းရာ၊ စုံလင်စွာတည့်
ရှင်မာလဲပွဲ၊ တူဆင်နွှဲကာ
မဟာအသဒိက၊ အတုလသဘင်
ပွဲကြီးဆင်၍ ထီးစဉ်နန်းဆက်
မပျက်လှူဒါန်း၊ သင်္ကန်းကထိန်
တစ်ကြိမ်မျှသာ၊ ပြုနိုင်ရာတည့်
ခွင့်ခါထူးသည့် ဤရာသီ။

* တန်ဆောင်မုန်းလ၊ ပြည့်သည့်ညဝယ်
ဝန်းခကြယ်စုံ၊ ထွန်းလင်းပုံကြောင့်
လုံးစုံပြည့်ဝ၊ ဆေးပေါင်းခမို့
စားကြပေသည်၊ မဲဇလီကို
သုပ်သည်တစ်မျိုး၊ ဘယ်မရိုးတည့်
ဘေးဆိုးအနာ၊ ကင်းလွတ်ကွာဟု
သူငါယုံကြည်၊ ဆေးတစ်မည်တည့်
ကြည်ဖြူစိတ်ဝမ်း၊ ပြုံးရွှင်လန်းလျက်
အေးချမ်းသာယာရှိကြပါသည်
ဤခါသမယ တန်ဆောင်မုန်းလ။ ။

ဘိုမျိုး(ရွှေဘို)

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ဒံပေါက်ဘူးများ ဆက်လက်ပေးအပ်လှူဒါန်း


နေပြည်တော် နိုဝင်ဘာ ၁၇


နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့် အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ ပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် စေတနာရှင် အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော် မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် **(အပေါ်ပုံ)**လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။









စေတနာရှင် ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ ကျန်းမာပါစေကြောင်း၊ တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာ စာလွှာများပါရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၁၇

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် **"၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ"** ကို နိုဝင်ဘာ ၂၂ ရက်မှ ၃၀ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အားကစားကိုစိတ်ပါဝင်စားသူများ **(အခမဲ့)** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## MFF Futsal Championship 2023 ပြိုင်ပွဲ အုပ်စုဒုတိယနေ့ ဆက်လက်ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁၇

MFF Futsal Championship 2023 ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို နိုဝင်ဘာ ၁၇ ရက်က MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ VUC အသင်း အနိုင်ရသည်။ ဒုတိယနေ့တွင် UPK အသင်းက လက်ဝဲသုန္ဒရအသင်းကို သုံးဂိုး – နှစ်ဂိုး၊ DT Legends အသင်းက KKY အသင်းကို ရှစ်ဂိုး –သုံးဂိုး၊ M–Million အသင်းက Seven အသင်းကို လေးဂိုး – တစ်ဂိုး၊ M2K အသင်းက Noka အသင်းကို ခြောက်ဂိုး – နှစ်ဂိုး၊ လက်ရှိချန်ပီယံ VUC အသင်းက Sun Far အသင်းကို ၁၂ ဂိုး – တစ်ဂိုးဖြင့် အနိုင်ရပြီး Red Eagle အသင်းနှင့် ပြည့်စုံအသင်းတို့ လေးဂိုးစီသရေကျခဲ့သည်။ ယခုပွဲအပြီးတွင် နိုင်ပွဲဆက်ခဲ့သည့် အုပ်စု(A)မှ လက်ရှိချန်ပီယံ VUC အသင်းသည် နောက်တစ်ဆင့်တက်ရောက်ရန် သေချာသွားခဲ့သည်။

ညီမြတ်သော်တာ

# ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အထက်မြန်မာပြည်ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၇**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အထက်မြန်မာပြည် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာ အားကစားကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဆရာအတတ်ပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် အသီးသီးမှ ကျောင်းအုပ်ကြီးများ၊ အားကစားအဖွဲ့ခေါင်းဆောင်များ၊ အုပ်ချုပ်သူနည်းပြများ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အမျိုးသားဘောလုံးပြိုင်ပွဲတွင် မန္တလေးပညာရေး ဒီဂရီကောလိပ်အသင်းနှင့် မုံရွာပညာရေးဒီဂရီ ကောလိပ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲတွင် အနိုင်အရှုံးမပေါ်သဖြင့် ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ မုံရွာပညာရေးဒီဂရီကောလိပ် အသင်းက လေးဂိုး - သုံးဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်တို့က ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတို့တွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် အသင်းများနှင့် အကောင်းဆုံး အားကစားသမားဆုရ အားကစားသမားများကို ဆုတံဆိပ်များနှင့် ငွေသားဆုများကို လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘောလုံးပြိုင်ပွဲ **(အပေါ်ပုံ)**၊ ဘော်လီဘောပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်း ပြိုင်ပွဲတို့တွင် ပထမဆုရရှိသော အသင်းတို့အား ပထမတံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများကို လည်းကောင်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်း၍ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပြီးဖြစ်သော ပန်းဆိုးတန်းလမ်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်း၍ လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ပြီး ဖြစ်သော ကျောက်တံတား မြို့နယ်နှင့် မင်္ဂလာတောင်ညွန့် မြို့နယ်ကို ဆက်သွယ်ထားရှိသော ပန်းဆိုးတန်းလမ်း ကတ္တရာကွန်ကရစ် လမ်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၆ ရက်က အဆိုပါ လမ်းတွင် ကျင်းပသည်။

ပန်းဆိုးတန်းလမ်း ကတ္တရာကွန်ကရစ်လမ်းကို ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက မင်္ဂလာအချိန်တွင် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** လမ်းကို ဖြတ်သန်းကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။



အဆိုပါလမ်းသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)၏ လုပ်ငန်းတာဝန်များဖြစ်ပြီး ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်တွင် ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်း လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွင် ပါဝင်ကာ ရန်ကုန်မြို့တော်၏ အဓိကလမ်းမကြီး ဖြစ်သည့် ပန်းဆိုးတန်းလမ်း (ကမ်းနားလမ်းမှ ကန်ရိပ်သာလမ်းအထိ)ကို အဆင့်မြှင့်တင် ဆောင်ရွက်ခြင်း ဖြစ်ပြီး အရှည်ပေ ၉၁၃၀ ရှိကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၅ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် (၃၆) ကြိမ်မြောက် သက်ကြီးပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိရာ မြဝတီစာပေတိုက်က အလှူငွေကျပ်ငါးသိန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)နှင့် ဒလမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်သုံးသိန်းစီ၊ ဒေါ်မြမြသန်း(မနှင်းဖွေး)နှင့် ဦးသက်နောင် (ပုလောစိုးနံ့သာ)- ဒေါ်အေးမိုးသူ မိသားစုတို့က ငွေကျပ်တစ်သိန်းစီ၊ ဘားအံမြို့နယ် စာရေးဆရာအသင်းက ငွေကျပ်ငါးသောင်း၊ သဲကုန်းမြို့နယ် စာရေးဆရာအသင်းက ငွေကျပ်လေးသောင်း ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် တွဲဖက်အတွင်းရေးမှူး (၃) ဦးအောင်ကြည် (အောင်ကြည်ညွန့်-တက္ကသိုလ်)တို့က လက်ခံရယူပြီး **(အောက်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၁၁ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၄၅ ကျပ် | ၂၁၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၄၅ ကျပ် | ၂၂၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၃၀ ကျပ် | ၂၁၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၅၀ ကျပ် | ၂၃၀၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၈၀၀ | ၃၂၆ | ၂၇၉၅၁၀၀ |
| MTSH | ၂၈၅၀ | ၂၉၀၀ | ၂၅၄၅ | ၂၃၈၀၄၅၀ |
| MCB | ၇၆၀၀ | ၇၆၀၀ | ၂၆ | ၁၉၇၆၀၀ |
| FPB | ၁၅၅၀ | ၁၆၀၀ | ၆၅ | ၁၀၃၅၀၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၁၅၂ | ၃၆၄၈၀၀ |
| EFR | ၂၀၀၀ | ၂၀၀၀ | ၂၇၁ | ၃၄၂၀၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၈ | ၃၉၂၀၀ |
| MAEPC | ၁၇၀၀ | ၁၇၀၀ | ၁၅၃၉ | ၂၆၁၆၃၀၀ |

ညီညီ - စုစည်းသည်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၃-၂၀၂၄)ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ပြည်သူ့ဆေးရုံများအတွက် လိုအပ်သောဆေးနှင့်ဆေးပစ္စည်းများ၊ Consumables များအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ် 16 DMS / 2023–2024(L) အား ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံး အမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် – ၂၀-၁၁-၂၀၂၃ရက် (တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် – ၄-၁၂-၂၀၂၃ရက်မွန်းတည့် ၁၂ နာရီ
ဆက်သွယ်ရမည့်ဖုန်း – ၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၄၃

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ကုမ္ပဏီလိပ်စာပြောင်းလဲဖွင့်လှစ်ထားကြောင်း အသိပေးကြော်ငြာခြင်း

ကျွန်တော်များ စိန်နန်းတော် စက်မှုလက်မှုနှင့်အသေးစားငွေရေးကြေးရေး ကုမ္ပဏီလီမိတက်၏ ယခင်ရုံးချုပ်လိပ်စာ အမှတ် (၆)၊ သီရိမင်္ဂလာလမ်း၊ မြေနီကုန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ ယခုရုံးချုပ်လိပ်စာ အမှတ်(၈၇)၊ ပြည်လမ်း၊ ပြည်လမ်းအနောက်ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ ပြောင်းလဲဖွင့်လှစ်ထားကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**စိန်နန်းတော်စက်မှုလက်မှုနှင့်အသေးစားငွေရေးကြေးရေးကုမ္ပဏီလီမိတက်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် –၅၅

အသေးစားနှင့် အလတ်စားလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) (၎င်း၏ကိုယ်စား ဒေါ်မြင့်မြင့်စိန် (Legal Assistant) **နှင့်** Ngwe Eain Min Co.,Ltd.

**တရားလို** **တရားပြိုင်**

အမှတ် (၂၈)၊ ဇေယျမင်္ဂလာလမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရပ်နေ တရားပြိုင် Ngwe Eain Min Co.,Ltd. (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "(Project Financing) စနစ်ဖြင့် အပေါင်ထားရယူထားသည့် ချေးငွေပေးဆပ်ရန် ကျန်ငွေကျပ်သိန်း (၄၈၁၆၇၂၁၃၀၁/–)ရလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်) မွန်းလွဲ ၁နာရီတွင် အထက် အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရ မည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### တောင်ကြီးမြို့နယ်တရားရုံး
### ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၈၀

ဦးဝဏ္ဏစိုး **နှင့်** ၁။ တပ်ကြပ်ကြီး(စာရေး)သီဟ
၂။ ဦးဂျွန်
၃။ ဦးစိုင်းတင်ဝင်း
၄။ ဦးလှသိန်း

**တရားလို** **တရားပြိုင်များ**

အေးသာယာမြို့နယ်မြေ (၁)နေ (၁) တရားပြိုင် တပ်ကြပ်ကြီး(စာရေး)သီဟ (ယခုနေရပ်လိပ်စာမသိသူ) တောင်ကြီးမြို့၊ ချမ်းသာရပ်ကွက်၊ ဘုရားကြီးတက်လမ်း၊ အမှတ် (၅၀၅)နေ (၂) တရားပြိုင် ဦးဂျွန် (ယခုနေရပ်လိပ်စာမသိသူ)နှင့် တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ် (၁၁/၁၂)နေ (၄) တရားပြိုင် ဦးလှသိန်း (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးဝဏ္ဏစိုးက စာချုပ်စာတမ်း မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိ သည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူတို့က တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၆ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက် သည်။

**(စိုင်းခမ်းလိတ်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ရောင်းချရန်ကြော်ငြာစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
### အင်းစိန်ခရိုင်တရားရုံး
### ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၁၇၅

ဒေါ်နုနုရီ **နှင့်** ဒေါ်လှညွန့်(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်ဆွေထွန်း)

**(ဒီကရီအနိုင်ရသူ)** **တရားရှုံး**

(ယခင်) ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး (၅)ရုံး၏ ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၄တွင် ရရှိခဲ့သော ဒီကရီအရ တရားရှုံးပိုင် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၁၅ရက် (၁၃၈၅ခုနှစ်၊ နတ်တော်လဆန်း ၃ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ (၉) လမ်းမြောက်၊ အမှတ် (၆၄၄–E)ဟု ခေါ်တွင်သော အလျား (၁၈)ပေxအနံပေ (၄၀) အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း (၂၅၀၀)**
**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက် သည်။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်သူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(နန်းညိုရှင်းလင်း)**
**တွဲဖက်ခရိုင်တရားသူကြီး (၂)**
**အင်းစိန်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ ၁၁၃–လမ်း၊ တိုက်အမှတ် (၁၄)၊ ၅–လွှာ (ခြေရင်းခန်း) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၅ x ၄၀)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်း၌တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်သူ ဦးတင်ဦး (၁၂/ပဘတ(နိုင်)၀၂၄၆၄၆) မှ (၅–၇–၂၀၁၄)ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်ထားဇင် (၁၂/ဒလန(နိုင်)၀၅၂၃၈၀)ကိုင်ဆောင်သူအား အပြီးအပိုင်လက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေမှ အရောင်းအဝယ်အားဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်မာမာသိန်း (LL.B)** | **ဒေါ်နှင်းဝေလွင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၈၇၉၂)** | **(စဉ်–၅၄၃၀၅)** |

**အမှတ်– ၂၇၅၊ ပထမထပ်၊ ဗညားဒလလမ်းမ၊**
**အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉ ၅၀၆၄၉၅၉**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/6028 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/1859 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန**
**(ရွာသာကြီး)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
### ဒဂုံမြို့သစ်ခရိုင်တရားရုံး
### ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၁၃

ဒေါ်မျိုးမျိုးဦး **နှင့်** ၁။ ဒေါ်သန်းသန်းငွေ
၂။ ဒေါ်လှရီ

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၁) ရပ်ကွက်၊ သုခိတာလမ်း၊အမှတ်(၃)နေ ဒေါ်လှရီ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားဝင်မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောအောင်ထူး)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/80473, Honda Wave 110 ယာဉ် လက်ဝယ်ရှိသူ ဦးစိုးရှိန် ၁၄/ဇလန(နိုင်) ၁၀၃၇၇၀ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၃၅၁၀၆ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်မျိုး ၁၀/မလမ(နိုင်)၂၀၇၅၆၄ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/10740, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးညီညီအောင် ၁၄/ဟသတ(နိုင်) ၃၈၉၂၈၅က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်းအောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၇၆၇၄၈ ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းနိုင်စံ ၁၀/မလမ(နိုင်)၂၁၉၆၀၇ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/9501, 3B/7528 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန (ရွာသာကြီး)**

## အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည် ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ အောင်သီတာလမ်း၊ အမှတ်(၄၇၆)နေ ဒေါ်ခင်မြင့်စီ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ လူနေရပ်ကွက်အမှတ်(နွယ်အေး)၊ မြေကွက်အမှတ်(၄၇၆)၊ ဧရိယာ (၀ဒသမ၀၂၈)ဧက၊ (၂၅ x ၅၀)ပေ အကျယ်ရှိ မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန် တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ အောင်သီတာလမ်း၊ အမှတ် (၄၇၆) အဆောက်အအုံတို့နှင့် ပတ်သက်၍ ဦးသူရထွန်း ၁၂/ဗဟန(နိုင်) ၀၈၇၃၂၀ သို့ ပေးအပ်ထားသည့် (၂၈–၆–၂၀၁၈)ရက်စွဲပါ မှတ်ပုံတင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၈၄၅/၂၀၁၈)ကို ယနေ့မှစ၍ ခြွင်းချက်မရှိပြန်လည် ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသူရိန်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၁၈၃/၂၀၁၂)**
**အမှတ်(၉၆/၉၈)၊ 5–B၊ ဂန္ဓာမာကံမြင့်ကွန်ဒို၊ ၃၇လမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၂၈၀၉၆၀၀၊ ၀၉–၂၅၃၁၀၇၅၈၃**

## အမည်ပြောင်း

ဦးမြတ်သူအောင်နှင့် ဒေါ်မွန်မွန်တို့၏သားဖြစ်သူ အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဆင်မင်းရပ်ကွက်၊ ကွင်းကျောင်း (၂) လမ်းနေ မောင်ကောင်းသုတအား မောင်လင်းဘုန်းဆက်ဟု အမည်ပြောင်းလဲ ခေါ်ပါရန်။

**မောင်လင်းဘုန်းဆက်**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ဦးမောင်ငယ်၏ သား မောင်ကျော်ဇင်လတ် ၉/တသန (နိုင်) ၂၁၆၇၄၁၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၆၇၉၀၆၇၁၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၆၂၇၇၆ ယာဉ်လက်ဝယ်ရှိသူ ဦးကွန်ဘ ၁၀/ကမရ(နိုင်)၀၉၁၄၆၉ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈ယ/၅၂၅၃ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မောင်လွင် ၁၀/ကထန(နိုင်)၀၈၁၀၇၄ က(ကမ–၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ယ/ ၉၀၇၅၀ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြတ်သူ ၁၀/မလမ(နိုင်)၂၄၇၁၈၉ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ဟ/၃၃၅၉ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်းဦး ၃/ဘအန(နိုင်)၀၀၃၉၄၂ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

အလိမ္မာ စာမှာရှိ




**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ပြန်လည်နေရာချထားသည့်အုပ်စု (RA) - (RA-2)၊ အကွက်အမှတ်(တ-၀၂)၊ မြေကွက်အမှတ် (၁၁၁၀)၊ (၁၁၁၁)၊ (၁၁၁၂)၊ (၁၁၁၃)၊ အကျယ်အဝန်း (၄၀' x ၆၀')စီရှိ မြေကွက်(၄)ကွက်နှင့်တကွ ယင်းမြေကွက်(၄)ကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

အထက်ဖော်ပြပါ မြေကွက်(၄)ကွက်နှင့် တကွ ယင်းမြေကွက်(၄)ကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်တောင်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယာယီမြေပေးမိန့်အမှတ် (၁၁၅၅/၂၀၂၀) (၁၁၅၆/၂၀၂၀) (၁၁၅၇/၂၀၂၀) (၁၁၅၈/၂၀၂၀)တို့အရ ဦးကြီးမောင် (၁၂/တတန(နိုင်)၁၀၅၉၂၈)အမည်ဖြင့် ရရှိထားသည့် မြေကွက်များဖြစ်ပြီး ၎င်းမှ မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်(၄)ကွက်နှင့်တကွ ယင်းမြေကွက်(၄)ကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ညိုမာ ( LL.B ) အထက်တန်းရှေ့နေ(စဉ်–၃၅၇၇၆)**
**အခန်းအမှတ် (308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၃၀၆၆၅၈၀၊ ၀၉–၉၆၀၇၂၀၃၇၄**

## ပိုးသတ်ဆေးဖြန့်ဖြူးသူအမည် ပြောင်းလဲကြောင်း ကြော်ငြာခြင်း

SUNDAT (S) PTE LTD မှ မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပစ္စည်းများကို မူလဖြန့်ဖြူးသည့် Golden Key Co.,Ltd မှ OMO Family Co.Ltd သို့ဖြန့်ဖြူးခွင့်လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်–

OMO FAMILY CO.LTD 09-5300865

| Sr. | Trade Name | Active Ingredient | Type of pesticide | Registration No. |
|---|---|---|---|---|
| 1. | Sunpfos 50%EC | Profenofos 50% EC | Insecticide | F2016-1048 |
| 2. | Stinger 40% EC | Dimethoate 40% EC | Insecticide | FF2021-127 |

## ပိုးသတ်ဆေးဖြန့်ဖြူးသူအမည် ပြောင်းလဲကြောင်း ကြော်ငြာခြင်း

Bailing Agrochemical Co.,Ltd မှ မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပစ္စည်းများကို မူလဖြန့်ဖြူးသည့် Agro Green Land Co.,Ltd မှ Marga Min Co.Ltd သို့ဖြန့်ဖြူးခွင့်လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်–

MARGA MIN CO.LTD 09-455557861

| Sr. | Trade Name | Active Ingredient | Type of pesticide | Registration No. |
|---|---|---|---|---|
| 1. | Mesoatra | Atrazine 50% + Mesotrione 5% SC | Herbicide | P2022-5395 |

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## မြိတ်မြို့နယ်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၄

ဒေါ်မို့မို့ရှိန် (တရားလို) နှင့် ၁။ ဦးဇော်မင်းသန့် ၂။ ဒေါ်လှဝင်း (တရားပြိုင်များ)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ချမ်းမြေ့သာယာရပ်၊ စက်မှုဇုန်(၄)လမ်းနေ (၁)တရားပြိုင် ဦးဇော်မင်းသန့် (ခ)ဦးမောင်ဇော်နှင့် (၂)တရားပြိုင် ဒေါ်လှဝင်း (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင်တို့အပေါ် တရားလိုက "တရားလိုထံမှ ယူထားသော စရန်ငွေ–၈၀၀၀၀၀၀/– (ကျပ်သိန်း ရှစ်ဆယ်တိတိ)ရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ(၂၉)ရက် (၁၃၈၅ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၂)ရက်)မွန်းမတည့်မီ(၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည် သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ (၁၆)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မသေသူဟန်)
မြို့နယ်တရားသူကြီး
မြိတ်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်တွင် ကျွန်တော် ဦးမင်းဆန်းသစ်နေမင်းမှ အောက်ဖော်ပြပါ အမည်တံဆိပ် (၃)မျိုး – (၁) Silver Moon Family (၂) Top (၃) Silver Star

အမည်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဦးမင်းဆန်းသစ်နေမင်းထံဖြစ်စေ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့် ဆက်သွယ်၍ဖြစ်စေ၊ viber ဖြင့်ဆက်သွယ်၍ဖြစ်စေ၊ Email ပို့၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**F(10)၊ ပြည်ထောင်စုလမ်းမကြီး၊ (၂၇) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၄၉၂၅၃၃၆၂၊ ၀၉–၇၈၈၇၈၈၂၆၃၊ ၀၉–၅၀၈၉၄၆၄**
**Viber – ၀၉–၄၄၉၂၅၃၃၆၂၊ ၀၉–၇၈၈၇၈၈၂၆၃၊ ၀၉–၅၀၈၉၄၆၄**
**Email – konaymin979@gmail.com**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေငှားဂရန်အမှတ်–၅၈၃/၂၀၀၀–၂၀၀၁အရ ဦးအောင်ခင်၊ ဦးမောင်မောင်သိဏ်း (ခ) ဦးတိုး၊ ဒေါ်ခင်မာထွေးတို့ အမည်ပေါက်ပိုင်ဆိုင်သည့် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၉၁– က/ဖောင်တော်ပေါက်ကျောင်းရပ်)၊ မြေကွက်အမှတ်– ၁၈၀ + ၁၈၁၊ ဦးပိုင်အမှတ် (၄၁)၊ ဧရိယာ (၀.၁၁၀) ဧကရှိ မြေကွက်ကို ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သည့် ဦးစိုင်းနော်ခမ်း (၁၃/တကန(နိုင်)၀၁၃၁၅၂ )က ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားခဲ့ပါသည်။ အဆိုပါမြေကွက် ဥပစာအား တည်ဆဲဥပဒေများနှင့်အညီ မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုခြင်း၊ မြေငှားဂရန်အမည်ပြောင်းလဲခြင်း၊ မြေကွက်နှင့်ပတ်သက်သည့် ကိစ္စအဝဝတို့ကို ပြုလုပ်ဆောင်ရွက်မည်ဖြစ်၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်း အထောက်အထားဖြင့် သတင်းစာ ကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်နှင့်ပတ်သက်သည့်ကိစ္စအရပ်ရပ်ကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးစိုင်းနော်ခမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နန်းဖစ်မွန်း (LL.B,LL.M.)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်–၈၆၂၅/၂၀–၁၂–၂၀၁၂**
**အခန်း ( ၃၅ )၊ အ. လ. က (၁၁)တိုက်တန်း၊ ဘုရင့်နောင်လမ်း၊**
**ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၀)၊ မြေကွက်အမှတ် (၅၈၉)၊ မြေကွက်တည်နေရာအမှတ်(၅၈၉)၊ ဒုံးယား(၄)လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးသန်းရွှေ(**E/RGN - ၀၁၀၈၈၄**) အမည်ပေါက်နှစ်(၆၀)မြေငှားစာအုပ်ဂရန်မြေအား အမည်ပေါက်ဦးသန်းရွှေ (ဖခင်)ကွယ်လွန်နှင့် ဒေါ်ကြူကြူအောင်(မိခင်)တို့ ကွယ်လွန်သဖြင့် ၎င်းတို့မှ မွေးဖွားသော ဦးအောင်ကြည်ဝင်း (၁၂/တမန (နိုင်) ၁၀၄၃၈၄) ဦးအောင်သန်းဝင်း (၁၂/တမန(နိုင်)၀၄၅၃၁၆) နှစ်ဦးအနက် အစ်ကိုဖြစ်သူ ဦးအောင်သန်းဝင်းမှ (၅–၃–၁၉၉၉)ခုနှစ်တွင် သေဆုံးခဲ့သဖြင့် ကျန်သားတစ်ဦးဖြစ်သူ ဦးအောင်ကြည်ဝင်းမှ ဂရန်၊ မိခင်ဖခင်တို့၏သေစာရင်း၊ အစ်ကိုဖြစ်သူမှာ လူပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့သဖြင့် အစ်ကိုသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ကတ်၊ မိဘများနှင့် အစ်ကိုဖြစ်သူ သေဆုံးသွားသဖြင့် ကျန်ရစ်ခဲ့သော မြေနှင့်အိမ်ကို မိမိမှသာ အမွေဆက်ခံခွင့်၊ ပိုင်ဆိုင်ခွင့်ရှိကြောင်း ကျမ်းကျိန်လွှာ ထပ်ဆင့်ထောက်ခံ ကျမ်းကျိန်လွှာ(၂)စောင်နှင့် နိုင်ကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်းဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကုန်အမှတ်တံဆိပ်မှတ်ပုံတင်သွင်းပြီးစီးကြောင်း ကြေညာခြင်း

Chatcyou

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်သည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၄ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်စာချုပ်အမှတ် ၄/၇၅၇၉ ဖြင့် မှတ်ပုံတင်သွင်းပြီးစီးခဲ့ပြီး Chatting Application အဖြစ် မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အသုံးပြုနိုင်ရန် တီထွင်ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

မူလပိုင်ရှင် HAO MING Technology Co,Ltd၏ ခွင့်ပြုချက်မရရှိပဲ ပုံတူပြုလုပ်သုံးစွဲခြင်းများရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ကျော့မွန်မွန်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–စဉ်၁၂၈၉၄/၂၀၁၇)**
**အမှတ် ၄၃ အုတ်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉–၄၂၀၂၄၆၈၆၃၊ ၀၉–၇၈၀၄၆၀၁၄၀**

## ပျောက်ဆုံးကြောင်း

ကျွန်မ မသဲမာလွင် (ဘ) ဦးကျော်ဆွေ ၈/ပဖန(နိုင်) ၁၂၆၄၅၂၏ နိုင်ငံကူးလက်မှတ်အမှတ် (MH 155112) မှာ ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။

**ဖုန်း–၀၉–၄၅၀၉၈၃၂၂၆**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6N/6696,Toyota Lexus AGLZ5L ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရှောက်လီး ၁၃/လရန(နိုင်) ၁၁၆၉၇၇ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/29094, New Yinxing 125, M/C ယာဉ်လက်ဝယ်ရှိသူ Sein Sabae Phyu Co.,Ltd. က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇–၁၁–၂၀၂၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၁) ပါ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း၊ မြန်မာ့သစ်လုပ်ငန်းကြော်ငြာတွင် ဖုန်းနံပါတ် ၀၉ ၄၅၁ ၂၃၇ ၇၃၉ အစား **၀၉ ၄၅၁ ၂၃၇ ၇၃၈** ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

